မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း ၁၀ ရက်၊ ၂၀၀၉ ခုနှစ်၊ ဧပြီ ၄ ရက်၊ စနေနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၈၆)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မလေးရှားနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ မလေးရှားနိုင်ငံ ဝန်ကြီးချုပ်တာဝန်ကို စတင်ထမ်းဆောင်သော ဒါတို ဆရီ မိုဟာမက် နာဂျစ် ဘင် ထွန်း ဟာဂျီ အဗ္ဗဒူ ရာဇတ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် နာဂစ်လွန် မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်

နေပြည်တော် ဧပြီ ၃

သမဝါယမဝန်ကြီးဌာနနှင့် ဗဟိုသမဝါယမအသင်းလီမိတက်တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် နာဂစ်လွန် မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်နှင့် ဆရာစံလမ်းထောင့်ရှိ ဆရာစံ ပလာဇာဥပစာ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အားပေးချီးမြှင့်ပြီး အရောင်းပွဲတော်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ (အပေါ်ပုံ) *စာမျက်နှာ ၈ ကော်လံ ၁* ●

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခင်းကျင်းပြသထားသည့် မြန်မာ့ယဉ်ကျေးမှု သရုပ်ဖော် ပန်းပုရုပ်တုများနှင့် ပန်းချီကားများ၊ တရုတ်နှင့် ဥရောပလက်မှုပညာပုံစံ ပန်းပုရုပ်တုများ၊ ပန်းချီကားများနှင့် ပရိဘောဂများ၊ ပြိုင်ပွဲဝင် ဆုရ ပန်းပုရုပ်တုများနှင့် ပန်းချီကားများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဧပြီ ၄ရက်)

ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆည်တမံများ တည်ဆောက်ပေးနေ ရေရှည်တည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

လယ်ယာကဏ္ဍ၏ အခြေခံအကျဆုံး လိုအပ်ချက်သည် စိုက်ပျိုးရေရရှိရေးပင် ဖြစ်သည်။ မြန်မာနိုင်ငံ၏ လူဦးရေအများစုသည် ကျေးလက်ဒေသတွင် နေထိုင်ကြပြီး လယ်ယာစိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်း ပြုကြသူများဖြစ်ကြသည်။

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို အကြားအလပ်မရှိ ဖြည့်ဆည်းပေးလျက်ရှိရာတွင် နေပြည်တော် ပျဉ်းမနားမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာနှင့် အနီးပတ်ဝန်းကျင် ဒေသခံပြည်သူတို့အတွက် ပေါင်းလောင်းရေလွှဲဆည်ကို မတ်၂၅ရက်နေ့က ဖွင့်လှစ်ပေးခဲ့သည်။

ပေါင်းလောင်းရေလွှဲဆည်သည် ပေါင်းလောင်းမြစ်ပေါ်၌ တည်ဆောက်ထားပြီး ကျောက်ဖြည့်တမံ ဖြစ်သည်။ ရေလှောင်တမံမှ ရေအားလျှပ်စစ်ထုတ်လုပ်ပြီး ထုတ်လုပ်လိုက်သော ရေများအဖြစ် နေပြည်တော်တပ်ကုန်းနှင့် နေပြည်တော်ပျဉ်းမနားအကြား ရေဆင်းဧရိယာ စတုရန်းမိုင် ၆၀၀ မှ စီးဝင်လာသည့်ရေများကို ပေါင်းလောင်းရေလွှဲဆည်ဖြင့် ထိန်းထားခြင်းဖြစ်သည်။

လက်ဝဲ၊ လက်ယာ တူးမြောင်းစနစ် ပြုလုပ်ထားရာ တူးမြောင်းအရှည် ၂၉ မိုင်ကျော်စီ ရှည်လျားပြီး တူးမြောင်းပြီးစီးပါက နေပြည်တော် ပျဉ်းမနား၊ နေပြည်တော်လယ်ဝေးနှင့် ရေတာရှည်မြို့နယ်များအတွင်း လယ်ယာမြေ ဧရိယာဧက ၃၅၀၀၀ ခန့် စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ပြီး ယခုနှစ် နွေစပါးဧက ၁၀၀၀အတွက် စိုက်ပျိုးရေပေးဝေနေပြီ ဖြစ်သည်။

ပေါင်းလောင်း ရေလွှဲဆည်နှင့်ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းအားဖြင့် ဒေသတွင်း သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်၍ တောင်သူတစ်ဦးချင်းစီ၏ဝင်ငွေ တိုးတက်လာပြီး လူမှုစီးပွားဘဝ ပိုမိုမြင့်မားလာမည် ဖြစ်ပေသည်။

ပေါင်းလောင်း ရေလွှဲဆည်သည် အရွယ်အစား အကျယ်ပေ ၃၀၊အမြင့် ၁၅ပေ၌ သဲထုတ်ရေတံခါး နှစ်ပေါက်၊ ၄ပေ×၆ပေ အရွယ်အစားရှိ ရေထိန်းတံခါးတစ်ပေါက်ပါဝင်သော အိုဂီးပုံ သံကူကွန်ကရစ်အမျိုးအစား ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူတို့၏ စီးပွားရေးအထောက်အကူပြု ရေလှောင်တမံများကို တည်ဆောက်ပေးလျက်ရှိရာ ဆည်တမံများ ရေရှည်တည်တံ့စွာ အသုံးပြုသွားနိုင်ရေးအတွက် ဒေသခံတိုင်းရင်းသားပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မဟာသင်္ကြန်ပွဲတော်ရက်များအတွင်း ယာယီရေဆက်သွယ်ခွင့် လျှောက်ထားနိုင်

ရန်ကုန် ဧပြီ ၃

၁၃၇၀ပြည့်နှစ်မဟာသင်္ကြန်ပွဲတော်ရက်များအတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ရေပိုက်လိုင်း၊ အင်းလျားကန်နှင့် ကန်တော်ကြီးတို့မှ ရေကိုဆက်သွယ်ကစားလိုသည့် ကိစ္စရပ်များကို စီစဉ်ဆောင်ရွက်ပေးနိုင်ရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)သို့ ဧပြီ ၁၀ရက် မွန်းတည့် ၁၂နာရီနောက်ဆုံးထား၍ ယာယီရေဆက်သွယ်ခွင့်ပြုမိန့် လျှောက်ထားရမည်ဖြစ်သည်။

မဏ္ဍပ်ဆောက်လုပ်ခွင့်

ယာယီရေဆက်သွယ်ခွင့် လျှောက်လွှာများကို မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးရှိ(ရေ/သန့်) တာဝန်ခံရုံးများနှင့် မြို့တော်ခန်းမရှိ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)ရုံးခန်းတို့တွင် အခမဲ့ထုတ်ယူနိုင်ပြီး သတ်မှတ်လျှောက်လွှာတွင် သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်(ရေ/သန့်) တာဝန်ခံတို့၏ မှတ်ချက်ရယူ၍ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ မဏ္ဍပ်ဆောက်လုပ်ခွင့်ကို ပူးတွဲတင်ပြလျှောက်ထားရမည်ဖြစ်သည်။

ဆောင်ရွက်ပေးမည်

ရေဆက်သွယ်မှုကို မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးရှိ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)မှ ဝန်ထမ်းများက စည်းကမ်းချက်များနှင့်အညီ ရေဆက်သွယ်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ခွင့်ပြုမိန့်မရှိဘဲ ကော်မတီပိုင်ရေပိုက်များ၊ အင်းလျားကန်၊ ကန်တော်ကြီးကန်နှင့် အခြားမြေစိုက်ကန်များမှ ရေကိုဆက်သွယ်၍ ရေကစားခြင်း မပြုကြရန်နှင့် ကော်မတီပိုင် မီးသတ်ခေါင်းများမှ ရေကစားခြင်းလုံးဝ(လုံးဝ)မပြုလုပ်ရန် ပြုလုပ်ပါက ဥပဒေစည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် ပူတာအိုခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်

နေပြည်တော် ဧပြီ ၃

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် မတ်၂၉ရက်က ကချင်ပြည်နယ် ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ပူတာအိုမြို့မှ တာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီတို့မှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (အပေါ်ပုံ)

တွေ့ဆုံ

ဆက်လက်၍ ဝန်ကြီးသည် ပူတာအိုမြို့ လေယာဉ်ကွင်းအမှတ်(၁)ရပ်ကွက်၌ လီဆူးစာပေနှင့် ယဉ်ကျေးမှုကော်မတီမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ တိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံပြီး ရဝမ်စာပေနှင့် ရိုးရာယဉ်ကျေးမှုပြတိုက်၌ ကော်မတီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အခမဲ့တပ်ဆင်

ဝန်ကြီးသည် မတ်၃၁ရက်တွင် ပူတာအိုမြို့ မာမူးလဲ့ကျေးရွာ၌ ပါဝါမျက်မှန်တပ်ဆင်ခြင်းအခမ်းအနားသို့တက်ရောက်၍ ဒေသခံ တိုင်းရင်းသားများအား ပါဝါမျက်မှန်များ အခမဲ့ တပ်ဆင်ပေးသည်။

လိုအပ်သည်များဖြည့်ဆည်း

ထို့နောက် ဝန်ကြီးသည် ပူတာအိုမြို့ ပန်းလှိုင်ရပ်ကွက်ဓမ္မာရုံ၌ ရပ်ကွက်မှတာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၄-၄-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်သီချင်း
၁၁း၁၀	၃။	မျိုးချစ်တပ်မတော်
၁၁း၂၅	၄။	ကာတွန်းအစီအစဉ် **ဂြိုဟ်ကမ္ဘာမှ သတ္တဝါများ** (အပိုင်း-၁၁)
၁၂း၀၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **သီကြားမင်းဒေါ့ကွန်း** သရုပ်ဆောင်-စိုင်းစိုင်းခမ်းလှိုင်၊ ဖိုးကျော်၊ မယ်လိုဒီ၊ ရတနာပုံ ဒါရိုက်တာ-မောင်မျိုးမင်း (ရင်တွင်းဖြစ်)
၁၃း၅၅	၆။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၄း၀၀	၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်** (အပိုင်း-၃၅)

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချစ်သူစုံတွဲတူယှဉ်နွဲ့
၄း၁၅	၄။	မြန်မာသံစဉ်ချိုနားဝင်
၄း၂၀	၅။	မျိုးချစ်တပ်မတော်
၄း၃၅	၆။	အမျိုးသားရေးတေးကဗျာ
၅း၀၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၄၀	၈။	ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၂။	လျှပ်တစ်ပြက်
၆း၄၀	၁၃။	ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်တော့်ချစ်သူ** (အပိုင်း-၁၉)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	လူရွှင်တော်ရွှေဖလား
	၁၉။	အင်္ဂလိပ်စာသုတ (English Usage)
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၄၀)

ကျောက်ဖြူအသင်း(ရန်ကုန်မြို့)အစည်းအဝေးကျင်းပမည်

ရန်ကုန် ဧပြီ ၃

ကျောက်ဖြူအသင်း(ရန်ကုန်မြို့)၏ ၂၀၀၈ခုနှစ်အတွက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် အသင်းသား သက်ကြီးပူဇော်ပွဲ၊ အသင်းဝင်သားသမီးများ ပညာရည်ချွန်ဆုပေးပွဲတို့ကို ဧပြီ ၅ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီတွင် ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၊စိတ်ပါဝင်စားသူများ၊ ကန်တော့ခံ ပုဂ္ဂိုလ်များနှင့် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသားကျောင်းသူများ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ (မြန်မာ့အလင်း)

အလုံမြို့နယ် ပြန်/ဆက် ဦးစီးဌာနကြီးမှူး စာဖတ်စွမ်းရည်ပြိုင်ပွဲ ဆုပေးအပ်ချီးမြှင့်

ရန်ကုန် ဧပြီ ၃

အလုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ နံရံကပ်စာစောင်နှင့်ဓာတ်ပုံပြပွဲအခမ်းအနားကို ယမန်နေ့က ဧရာဝတီရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေရောင်စာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ဧရာဝတီရပ်ကွက်ဥက္ကဋ္ဌ ဦးခင်မြင့်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မမက စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်၊ စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စာငှားကတ်စနစ် ကျင့်သုံးရေး၊ စံ(၅)ရပ်နှင့် ညီညွတ်သည့် စာကြည့်တိုက်ဖွင့်လှစ်ဆောင်ရွက်နိုင်ရေးတို့ကို ရှင်းလင်း ပြောကြားသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပရာ ဆုရရှိသူများအား မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မမက ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

အမှာစကားပြောကြား စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ဓာတ်မြေသြဇာစက်ရုံများ၏ ဓာတ်မြေသြဇာအထွက်တိုးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (စွမ်းအင်)

ဓာတ်မြေသြဇာထုတ်လုပ်မှု လျာထားချက်ပြည့်မီကျော်လွန်အောင် ထုတ်လုပ်နိုင်ရေး အစွမ်းကုန်ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်

နေပြည်တော် ဧပြီ ၃

စွမ်းအင်ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ဓာတ်မြေသြဇာစက်ရုံများ၏ ဓာတ်မြေသြဇာအထွက်တိုးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အမှာစကားပြောကြားရာ၌ သီးနှံများ အထွက်တိုးရေးအတွက် ဓာတ်မြေသြဇာမှာ အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်နေကြောင်းနှင့် ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်တွင် စက်ရုံအလိုက် လျာထားချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ရေး၊ စက်ရုံစွမ်းအားပြည့်လည်ပတ်ရေးတို့ကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စက်ရုံမှူးများက ဓာတ်မြေသြဇာစက်ရုံများ လည်ပတ်ထုတ်လုပ်နေမှု အခြေအနေ၊ ပြုပြင်ဆောင်ရွက်နေမှု အခြေအနေနှင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ရည်မှန်းချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ကြိုးပမ်းဆောင်ရွက်

ယင်းနောက် ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ဓာတ်မြေသြဇာ တိုးတက်ထုတ်လုပ်နိုင်ရေး၊ စက်စွမ်းအားပြည့် လည်ပတ်ရေးတို့နှင့် စပ်လျဉ်း၍ လိုအပ်သည်များ ဖြည့်စွက်တင်ပြဆွေးနွေးကြပြီး ဝန်ကြီးက စက်ရုံများအနေဖြင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဓာတ်မြေသြဇာထုတ်လုပ်မှု လျာထားချက် ပြည့်မီကျော်လွန်အောင်ထုတ်လုပ်နိုင်ရေး အဘက်ဘက်မှ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် အလေအလွင့်ထိန်းသိမ်းရေးတို့ကို မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၄-၄-၂၀၀၉ ရက် (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ခါသကြံန်အဆိုအကများ
- ၈:၀၀ ၆။ ကဗျာပန်းဥယျာဉ်
- ၈:၁၅ ၇။ ခါသကြံန်အဆိုအကများ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ **အေးမြသောလေညင်းလေးများ** မေတ္တာ၊ ဇေယျ၊ စိုးမိုးကြည်၊ ဇူးဇူးမောင် (ဒါရိုက်တာ-အောင်မိုး၊ ပဲရစ်)

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ ခါသကြံန်အဆိုအကများ
- ၁၁:၂၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁:၄၅ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၄၀ ၅။ Yan Can Cook
- ၁၃:၀၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **အားကိုးချစ်သူကျေးတောသူ** (အပိုင်း-၃၅)
- ၁၄:၀၀ ၇။ ဆန်းကြယ်ထူးခြားပြိုင်ပွဲများ (Telematch)
- ၁၄:၄၅ ၈။ International News

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၄:၁၀ ၂။ ခါသကြံန်အဆိုအကများ
- ၄:၂၀ ၃။ တေးဂီတအစီအစဉ်
- ၄:၃၀ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၄:၄၀ ၅။ အဆိုပြိုင်ပွဲ
- ၄:၅၀ ၆။ မူဟန်သွယ်သွယ်ဆိုကြမယ်
- ၅:၀၀ ၇။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(အရှေ့တိုင်းပညာ အထူးပြု) (အရှေ့တိုင်းပညာ)
- ၅:၁၀ ၈။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၁၅ ၉။ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး (အပိုင်း-၃)
- ၅:၃၀ ၁၀။ ခါသကြံန်အဆိုအကများ
- ၅:၄၅ ၁၁။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၆:၀၀ ၁၂။ ညနေခင်းသတင်း
- ၆:၃၀ ၁၃။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၄။ အလှရှာမယ်လှကမ္ဘာဝယ်
- ၇:၀၀ ၁၅။ ပဋ္ဌာန်းလက်ကျောင်းတော်
- ၇:၂၀ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့သက်ထား** (အပိုင်း-၃)
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကြမ္မာမုန်တိုင်း** (အပိုင်း-၂၃) (ဇာတ်သိမ်းပိုင်း)

မူဆယ်မြို့နယ်၌ ကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုး

မူဆယ် ဧပြီ ၃

မူဆယ်ခရိုင် မူဆယ်မြို့နယ် နမ့်တောင်းကျေးရွာအုပ်စု နမ့်တောင်းကျေးရွာ ကွင်းအမှတ် ၉၇ ဦးပိုင်၂၀ တောင်သူ ဦးဆမ်ပူး၏ နွေစပါးစိုက်လယ်မြေ ၂ဒသမ ဝ၆ဧကတွင်ကောက်စိုက်စက်ဖြင့် လက်တွေ့အသုံးပြုစိုက်ပျိုးခြင်းကို မတ်၁၃ရက် နံနက်က ကျင်းပခဲ့ရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းမင်းဇော်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်ဟန်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြည့်ရှု လေ့လာခဲ့ကြသည်။ **(ယာပုံ)**

ရှင်းလင်းပြသ

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းမင်းဇော်က ခေတ်မီ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကြောင့် အကျိုးသက်ရောက်မှုများကို ရှင်းလင်းပြောကြားပြီး ခရိုင်စိုက်ပျိုးရေးမန်နေဂျာက ကောက်စိုက်စက်အသုံးပြုပုံ နည်းစနစ်များနှင့် လိုက်နာရမည့် အချက်များ ရှင်းလင်းပြီး ကောက်စိုက်စက်ဖြင့် လက်တွေ့စိုက်ပျိုးနေမှုကို ကြည့်ရှုကြသည်။ ယင်းကောက်စိုက်စက်ဖြင့် စိုက်ပျိုးပါက တစ်နေ့လျှင် ရှစ်ဧက စိုက်ပျိုးပြီးစီးကြောင်း သိရသည်။

၄င်းနောက် တက်ရောက်လာကြသော တောင်သူလယ်သမားများအား မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်ဟန်က ဒေသစားသုံးဆီဖူလုံရေးအတွက် ဆီမုန်လာပင် စိုက်ပျိုးပြီး ကျန်းမာရေးနှင့် ညီညွတ်သော စားသုံးဆီ ထုတ်လုပ်သုံးစွဲနိုင်ကြောင်း လက်တွေ့ ရှင်းလင်း ပြသပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် စာပေနှင့်စာနယ်ဇင်း)**

(၆၄)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု ကျောက်ဆည်မြို့နယ်၌ မြေသားလမ်းသစ်ဖွင့်လှစ်

ကျောက်ဆည် ဧပြီ ၃

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြု၍ ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျောက်ဆည်မြို့နယ် အရှေ့ငယ်တိုး- ရွှေဒါး- ရဲဘော်လေး- ရဲဘော်ကြီးကျေးရွာ မြေသားလမ်းသစ်ဖွင့်ပွဲကို မတ် ၂၂ရက်က အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပရာ မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်း၊ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်း၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်အားပေးကြသည်။

ဖွင့်လှစ်

ထို့နောက် ကျောက်ဆည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သူနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသိန်းတို့က ဖဲကြိုးဖြတ်၍ မြေသားလမ်းသစ်ကို ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)** အဆိုပါလမ်းသစ်မှာ လမ်းအရှည် ၃မိုင် ၅ဖာလုံ အကျယ် ပေ၂၀နှင့် ထုနှစ်ပေစီရှိပြီး အဖွဲ့ရန်ပုံငွေကျပ် ၂၀၂၁၅၀၀၀၀ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်) မဟာသင်္ကြန်အတာသဘင်ပွဲ ဆင်နွှဲမည်

ရန်ကုန် ဧပြီ ၃

မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်) မဟာသင်္ကြန်အတာသဘင်ပွဲ ဖွင့်ပွဲကို ဧပြီ၁၃ရက် (အကြိုနေ့) ညနေ၄နာရီတွင် အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခြံဝင်းအတွင်းရှိ ရေကစားမဏ္ဍပ်၌ ဖဲကြိုးဖြတ်ဖွင့်လှစ်မည်ဖြစ်ပြီး ရေပက်ကစားခြင်းကို ဧပြီ ၁၄ရက်မှ ဧပြီ၁၆ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိလည်းကောင်း၊ ညနေပိုင်းတွင် ညနေ၃နာရီမှ ၆နာရီအထိလည်းကောင်း ရေပက်ကစားမည်ဖြစ်သည်။ အသင်းဝင်များ၊ မိသားစုများ၊ ဆေးကုမ္ပဏီ များမှ မိသားစုများ ပါဝင်ကစားနိုင်ကြောင်းနှင့် အသေးစိတ်သိလိုပါက ပါမောက္ခ ဦးမြင့်သောင်း ဖုန်း-၀၉-၈၀-၃၄၅၃၁နှင့် ဒေါက်တာဦးမြင့်ဇော် ဖုန်း-၀၉-၅၀-၀၆၁၃၅တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

အဆိုပါ ကားပျံကို ယခု မတ်လဆန်းက နယူးယောက်မြို့တွင် စမ်းသပ်ပျံသန်းခဲ့ရာ အောင်မြင်ခဲ့သည်။ ယခု စမ်းသပ်ပျံသန်းခြင်းမှာ အချိန် ၃၇စက္ကန့်သာဖြစ်ပြီး မကြာမီ ပျံသန်းမည့် ခရီးစဉ်အတွက်နှင့်ပတ်သက်ပြီး အထူးစမ်းသပ်ပျံသန်းခြင်းကို အကြိမ်ကြိမ် ပြုလုပ်သွားမည် ဖြစ်သည်။

အဆိုပါ ကားပျံသည် တစ်နာရီ မိုင်၃၀နှုန်း အနည်းဆုံးပျံသန်းနိုင်ပြီး တစ်နာရီ ၁၁၅မိုင်နှုန်း အမြန်ဆုံးပျံသန်းနိုင်သည်။ ပျံသန်းနိုင်မှုမှာ တစ်ဆက်တည်း နာရီပေါင်း အတန်ကြာအောင် ပျံသန်းနိုင်ကြောင်းသိရသည်။

တီထွင်ထား

ကားပျံတွင် တပ်ဆင်အသုံးပြုထားသောအင်ဂျင်မှာ မြင်းကောင်ရေ ၁၀၀ ဝပ်အားဖြစ်ပြီး စက်သုံးဆီအဖြစ် ဓာတ်ဆီကို အသုံးပြုမောင်းနှင်မည်ဖြစ်သည်။ ကားပျံအတွင်း ဂါလန် ၂၀ထည့်ဝင်နိုင်သော ဓာတ်ဆီလှောင်ကန် ပါဝင်သည်။ အင်ဂျင်စက်စတင်နိုးပြီး စက္ကန့်၃၀အတွင်း လေထဲပျံသန်းနိုင်အောင် တီထွင်ထားသည်။

ယခု တီထွင်ထုတ်လုပ်ထားသော ကားပျံသည် လေယာဉ်မှူးများအတွက် အချိန်တိုအတွင်း အနှောင့်အယှက်ကင်းကင်းဖြင့် လိုရာခရီးရောက်ရှိနိုင်ရန် တီထွင်ထုတ်လုပ်ထားသော်လည်း အခက်အခဲတစ်ခုမှာ ယာဉ်မောင်းရရှိရေးပင်ဖြစ်သည်။

ညွှန်ကြားချက်ပေးထား

ကားပျံမောင်းနှင်နေစဉ် ရုတ်တရက် ရာသီဥတုဆိုးရွားမှုနှင့် ကြုံတွေ့ပါက မည်သို့ရင်ဆိုင်ဖြေရှင်းရမည်ဆိုသည့်အချက်မှာ ယာဉ်မောင်းများအတွက် အဟန့်အတားတစ်ခုသဖွယ် ဖြစ်စေသည်။ ကားပျံတီထွင်ထုတ်လုပ်သူများအနေဖြင့် ရာသီဥတုဆိုးရွားမှု ကြုံတွေ့ပါက နီးစပ်ရာလေဆိပ်သို့ အမြန်ဆုံးဆင်းသက်ရန် ညွှန်ကြားချက်ပေးထားသည်။ ကားပျံ အဆင်းအတက်ပြုလုပ်ရန် သီးခြားလေယာဉ်ကွင်းမျိုး မရှိသေးချေ။

သို့သော် ပထမဆုံးအနေဖြင့် ကားပျံစမ်းသပ်ပျံသန်းမှုသည် အောင်မြင်မှုရှိခဲ့ပြီး ကြိုတင်သတိပေးစနစ်၊ အင်ဂျင်လည်ပတ်မှုနှင့် ကားပျံအဆင်းအတက်များ အားလုံး အောင်မြင်ချောမွေ့စွာ ပြုလုပ်နိုင်ခဲ့ကြောင်း၊ မကြာမီကာလအတွင်း ကားပျံများ တွင်ကျယ်စွာ အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း ကားပျံမောင်းနှင်သူ မက်တီးရားက ပြောကြားသည်။ ။

ဗုံးဖောက်ခွဲသူဟု မသင်္ကာသူတစ်ဦး ဖိလစ်ပိုင်၌ ဖမ်းဆီးခံရ

ကိုတာဘာတို(ဖိလစ်ပိုင်) ဧပြီ ၃

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် ဗုံးခွဲတိုက်ခိုက်မှုအမျိုးမျိုး ကျူးလွန်ခဲ့သည်ဟု မသင်္ကာသူစစ်သွေးကြွတစ်ဦးကို ဖိလစ်ပိုင်လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ဧပြီ ၂ ရက်၌ ပြောကြားသည်။

မြောက်ကိုတာဘာတိုပြည်နယ် ကီဒါပါဝန်မြို့နယ် ပီရက်ဇ်ကျေးရွာရှိ စစ်သွေးကြွပုန်းအောင်းရာနေရာကို ရဲတပ်ဖွဲ့က ပိတ်ဆို့ပြီးရှာဖွေခဲ့ရာ ဗုံးဖောက်ခွဲသူဟု မသင်္ကာသူ မင်န်ျုယယ်ဂျူနီဝေဗားရားအား ဖမ်းဆီးခဲ့သည်ဟု ရဲတပ်ဖွဲ့ညွှန်ကြားရေးမှူး ချီနိုမမ် ဘူရမ်က ပြောကြားသည်။

ဝေဗားရားသည် ဒေသအတွင်း ဖောက်ခွဲမှုမျိုးစုံတွင် ပါဝင်ခဲ့သူဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှု တိုက်ဖျက်ရေးဥပဒေချိုးဖောက်မှုဆိုင်ရာ စွဲချက်တင်ခံထားရသည်ဟု မမ်ဘူရမ်က ပြောကြားသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

နှစ်ဆန်းလျှပ်စစ်ကား

မိုနာကိုနိုင်ငံ မိုနာကိုမြို့တွင် ကျင်းပလျက်ရှိသည့် ကုန်စည်ပြပွဲတွင် နစ်ဆန်းကုမ္ပဏီမှ ထုတ်လုပ်သည့်လျှပ်စစ်ကားတစ်စီးကို ဧပြီ ၃ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

လာမည့် ငါးနှစ်တာကာလအတွင်း တရုတ်မှအာဖဂန်သို့ ဒေါ်လာ ၇၅ သန်း ထောက်ပံ့မည်

ပေကျင်း ဧပြီ ၃

အာဖဂန်နစ္စတန်နိုင်ငံတွင် မတ် ၃၁ရက်က ကျင်းပသည့် နိုင်ငံတကာညီလာခံ၌ တရုတ်နိုင်ငံသည် လာမည့်ငါးနှစ်အတွင်း အာဖဂန်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၇၅ သန်း ထောက်ပံ့မည်ဖြစ်ကြောင်း တရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဂူဒါဝီက ကတိပြုပြောကြားသည်။

ရင်းနှီးမြှုပ်နှံ

အာဖဂန်နစ္စတန်နိုင်ငံတွင်းရှိ အခြေခံလိုအပ်ချက် အဆောက်အအုံများ ဒေသတွင်း ပြန်လည်ထူထောင်ရေးတွင် တရုတ်နိုင်ငံမှ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ခြင်း၊ အကြမ်းဖက်မှုများ တိုက်ဖျက်နှိမ်နင်းရေးနှင့် ဩဂုတ်လအတွင်း ကျင်းပမည့် ရွေးကောက်ပွဲတို့အတွက် ထောက်ပံ့ကူညီသွားမည်ဖြစ်ကြောင်းဂူဒါဝီကပြောကြားသည်။

ပြောကြား

အာဖဂန်နစ္စတန်နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးအတွက် အကြမ်းဖက်သောင်းကျန်းမှုများ နှိမ်နင်းရေးကို ကြိုးစားလုပ်ဆောင်သွားကြရန် အဆိုပါညီလာခံ၌ ဂူက ထပ်လောင်းပြောကြားသည်။

နိုင်ငံတကာမှ ဒေသဆိုင်ရာ ဖွံ့ဖြိုးမှုအဆင့်နှင့်အလားတူ အာဖဂန်နစ္စတန်နိုင်ငံအတွင်း လိုလားချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းအသီးသီးမှတာဝန်ယူလုပ်ဆောင်နိုင်ရေးကိုထည့်သွင်းပြောကြားသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

လေကြောင်းခရီးစဉ်များ လျှော့ချပျံသန်းပြေးဆွဲခြင်းဖြင့် လေထုညစ်ညမ်းမှုကို လျှော့ချမည်

ဂျီနီဗာ ဧပြီ ၃

လေကြောင်းလိုင်းများသည် ၎င်းတို့ လည်ပတ်နေသည့် လေယာဉ်ခရီးစဉ်များတွင် ကုန်ပစ္စည်းနှင့်ခရီးသည်တင်ဆောင်မှုကို သိသိသာသာ လျှော့ချခြင်းသည် ၎င်းတို့အနေဖြင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှုကြောင့် ဖြစ်ပေါ်သော လေထုညစ်ညမ်းမှုကို ၈ရာခိုင်နှုန်းနီးပါး လျှော့ချနိုင်မည်ဖြစ်ကြောင်း အမှုဆောင်အရာရှိများက မတ် ၃၁ရက်၌ ထုတ်ဖော်ပြောကြားခဲ့သည်။

တောင်းဆို

လေယာဉ်ဆီကဲ့သို့ စက်သုံးဆီများ လောင်ကျွမ်းမှုနှင့် ဆက်နွယ်သည့် ကမ္ဘာကြီးပူနွေးမှုကို ဖြစ်ပေါ်စေသည့် မောင်းနှင်မှုအဖြစ် လေကြောင်းလိုင်းကဏ္ဍကို တစ်ချိန်က ရှုမြင်ခဲ့ကြသည်။ သို့သော်လည်း ကုန်ကျစရိတ် လျှော့ချရန်အတွက် စက်သုံးဆီခြိုးခြံချွေတာရန် စိတ်ဝင်စားလာသည့် လေကြောင်းပို့ဆောင်ရေးလုပ်ငန်းများကို ကမ္ဘာ့စီးပွားရေးပြဿနာ၏ အခြေအနေအရ စွမ်းအင်သုံးစွဲမှုလျှော့ချရန် တောင်းဆိုခဲ့သည်။

အသုံးပြုနိုင်

၂၀၀၉ခုနှစ်အတွင်း လေယာဉ်ခရီးစဉ်များကို လျှော့ချပျံသန်း ပြေးဆွဲခြင်းကြောင့် လေထုညစ်ညမ်းမှုကို ၆ရာခိုင်နှုန်း လျှော့ချနိုင်မည်ဖြစ်ပြီး စွမ်းအင်ပိုလျှံ လုံလောက်မှုကို ၁၃ ဒသမ၈ရာခိုင်နှုန်း မြင့်တက်လာစေမည်ဖြစ်ကြောင်း နိုင်ငံတကာလေကြောင်းပို့ဆောင်ရေးအဖွဲ့(အိုင်အေတီအေ) က ထုတ်ဖော်ပြောကြားခဲ့သည်။ ရေမှော်ရေညှိများ ပေါက်ရောက်ရှင်သန်နေသည့် အပင်များ၊ အခြားကောက်ပဲသီးနှံများမှ ထုတ်ယူရရှိသော ဇီဝလောင်စာဆီများကို လေယာဉ်ပျံသန်းရေးတွင် အောင်မြင်စွာ အသုံးချနိုင်ခဲ့ခြင်းသည်လည်း လာမည့်နှစ်အစောပိုင်းတွင် တရားဝင် အသုံးပြုနိုင်ဖွယ်ရှိကြောင်း အိုင်အေတီအေ ညွှန်ကြားရေးမှူးချုပ် ဂျီအိုဗန်နီဘီဆစ်ဂနာနီက သတင်းထုတ်ပြန်သည်။ **အမ်အင်န်အေ၊ ရိုက်တာ**



တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ရှိ ကြွေထည် ကုန်စည်ပြပွဲ၌ ပြသထားသည့် ရေနွေးကရားအိုးကြီး တစ်လုံးကို ဧပြီ ၃ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တရုတ်နိုင်ငံ ကွမ်တုံပြည်နယ် ရှန်ကျန်မြို့ရှိ လက်ကိုင်ဖုန်းထုတ်လုပ်ရေးစက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို မတ် ၃၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဗြိတိန်၌ ရဟတ်ယာဉ်တစ်စင်း ပျက်ကျ ၁၆ ဦး သေဆုံးဖွယ်ရှိဟုဆို

လန်ဒန် ဧပြီ ၃

ဗြိတိန်နိုင်ငံ ကမ်းလွန်ဒေသရှိ ရေနံတွင်းတူးစင်မှ ပြန်လာသည့် ရဟတ်ယာဉ်တစ်စင်း ဧပြီ ၁ရက်တွင် မြောက်ပင်လယ်အတွင်း ပျက်ကျခဲ့ပြီး စီးနင်းလိုက်ပါလာသူ ၁၆ ဦးစလုံး သေဆုံးဖွယ်ရှိကြောင်း ဗြိတိသျှတာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

သို့ရာတွင် စူပါပူးမားအမည်ရှိ ရဟတ်ယာဉ်နှင့် လိုက်ပါခဲ့သူများအနက် သေဆုံးသူရှစ်ဦး၏ အလောင်းကို တွေ့ရှိထားပြီး ကျန်ရှစ်ဦးအား ရှာဖွေရန်အတွက် လက်ရှိရှာဖွေမှုလုပ်ငန်းများကို ဧပြီ ၂ ရက် မိုးသောက်အထိ ဆိုင်းငံ့ထားခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

တင်ဆောင်ခဲ့

အဆိုပါ ရဟတ်ယာဉ်သည် ခရီးသည် ၁၄ ဦးနှင့် လေယာဉ်မှူးနှစ်ဦးတို့ကို မီလာရေနံတွင်းတူးစင်မှ တင်ဆောင်လာခဲ့သည်ဟုဘီပီရေနံကုမ္ပဏီက ပြောကြားသည်။

ရာသီဥတု

အဆိုပါရဟတ်ယာဉ်သည် စကော့တလန်ကမ်းခြေမှ ၁၅မိုင်ခန့်အကွာတွင် ပျက်ကျခဲ့စဉ် ရာသီဥတုအခြေအနေကောင်းမွန်သည်ဟု ကမ်းခြေစောင့်တပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ **အမ်အင်န်အေ၊ ရိုက်တာ**

တောင်ကိုရီးယား၌ တိုက်လေယာဉ်ပျက်ကျ

ဆိုးလ် ဧပြီ ၃

တောင်ကိုရီးယားနိုင်ငံ ချူချောင်ပြည်နယ်တောင်ပိုင်းရှိ မြစ်ဝါမြစ်အတွင်းသို့ တိုက်လေယာဉ် (ကေအက်ဖ်-၁၆ဒီ)သည် မတ် ၃၁ရက် မွန်းလွဲ ၁၂နာရီ မိနစ် ၂၀က ပျက်ကျခဲ့ကြောင်း ယုထောင်းအေဂျင်စီက ထုတ်ပြန်ကြေညာသည်။

ယင်းတိုက်လေယာဉ်သည် တောင်ကိုရီးယားနိုင်ငံ ဆွန်ဆန်လေတပ်အခြေစိုက်စခန်းမှ ယင်းနေ့နံနက် ၁၁နာရီ မိနစ် ၅၀က လေ့ကျင့်ပျံသန်းစဉ်အတွင်း ပျက်ကျခဲ့ရာ ၎င်းတိုက်လေယာဉ်ပေါ်ပါရှိသူ လေယာဉ်မှူးနှစ်ဦးအား အချိန်မီကယ်ဆယ်နိုင်ခဲ့ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ပိုလာဝက်ဝံပေါက်

ဟော်လန်နိုင်ငံ ရီဟီနန်ပြည်နယ်ရှိ တိရစ္ဆာန်ဥယျာဉ်အတွင်း မတ် ၃၁ရက်က မွေးဖွားခဲ့သည့် ပိုလာဝက်ဝံပေါက်လေးနှစ်ကောင်အား မိခင်နှင့်အတူတွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဗြိတိသျှတပ်ဖွဲ့ဝင်များ အီရတ်မှစတင်ရုပ်သိမ်း

ဘဂ္ဂဒက် ဧပြီ ၃

အီရတ်နိုင်ငံတောင်ပိုင်းရှိ ဘာဆာရာမြို့မှ ဗြိတိသျှတပ်ဖွဲ့ဝင်များကို မတ် ၃၁ ရက်မှစတင်၍ တရားဝင်ရုပ်သိမ်းကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောကြားသည်။ ရုပ်သိမ်းသွားမည့် ဗြိတိသျှတပ်ဖွဲ့ဝင်များ၏နေရာတွင် အမေရိကန်တပ်ဖွဲ့ဝင်များ အစားထိုးဖွယ်ရှိသည်။ အီရတ်စစ်ပွဲ ၂၀၀၃ ခုနှစ်တွင် ဖြစ်ပွားပြီးသည့်နောက် ဗြိတိသျှတပ်ဖွဲ့ဝင်များကို ဘာဆာရာမြို့ လေတပ်အခြေစိုက်စခန်း၌ ဖြန့်ကြက်ထားခဲ့သည်။

စတင်ထွက်ခွာ

ဗြိတိသျှတပ်ဖွဲ့ဝင် ၂၀၀ မှာ အိမ်နီးချင်းကူဝိတ်နိုင်ငံမှတစ်ဆင့် အီရတ်နိုင်ငံမှ စတင်ထွက်ခွာဖွယ်ရှိသည်ဟု ရဲတပ်ဖွဲ့ကထပ်လောင်းပြောကြားသည်။

ကတိကဝတ်ပြု

အီရတ်နှင့် ဗြိတိန်တို့သည် လွန်ခဲ့သည့်နှစ် နိုဝင်ဘာလအတွင်း လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီချက်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် မတ် ၃၁ရက်က တပ်ဖွဲ့များ စတင်ရုပ်သိမ်းခဲ့ခြင်းဖြစ်သည်။ အီရတ်ရှိ ဗြိတိသျှတပ်ဖွဲ့ဝင် ၄၁၀၀ ကို အီရတ်မှ ၂၀၀၉ ခုနှစ်ကုန်ပိုင်းတွင် အပြီးရုပ်သိမ်းမည်ဟု ဗြိတိန်နိုင်ငံက ကတိကဝတ်ပြုထားသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိမှု အထိမ်းအမှတ် ဆိုင်းဘုတ်ဖွင့်ပွဲ အခမ်းအနား တိုင်းမှူးပိုလ်ချုပ်တင်ငွေ တက်ရောက်ဖွင့်လှစ်ပေး

နေပြည်တော် ဧပြီ ၃

မန္တလေးတိုင်း မန္တလေးခရိုင် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိခြင်း အထိမ်းအမှတ်ဆိုင်းဘုတ်ဖွင့်ပွဲ အခမ်းအနားကို မတ်၂၄ရက် နံနက် ၈နာရီက အမရပူရမြို့နယ် မြစ်ငယ်တံတားအနီး၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်တင်ငွေ တက်ရောက်ပြီး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။

တက်ရောက်

တိုင်းမှူးသည် မတ်၂၅ရက်တွင် မဟာအောင်မြေမြို့နယ် (၃၇)လမ်း ကိုယ့်အား ကိုယ်ကိုး ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် ပုသိမ်ကြီးမြို့နယ် ငြိမ်းချမ်းသာဇံကျေးရွာအုပ်စုသို့ ရောက်ရှိပြီး နွေစပါး လက်တွေ့သရုပ်ပြ စိုက်ပျိုးနေမှုနှင့် ဓာတ်မြေသြဇာကြဲပက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထောက်ပံ့ကြေး

ယင်းနောက် တိုင်းမှူးသည် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ မန္တလေးတိုင်း (စည်ပင်သာယာနယ်မြေ) အရန်အဖွဲ့ဝင် အဆိုပြုလွှာပေးအပ်ပွဲနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး ဗဟိုစည်းရုံးရေးကော်မတီက ချီးမြှင့်သော ပညာသင်ထောက်ပံ့ကြေးရရှိသူ ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ကြေး ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီး ဒေါက်တာချမ်းငြိမ်း ကန့်ဘလူမြို့နယ်အတွင်း ဒေသခံပြည်သူများနှင့်တွေ့ဆုံ

နေပြည်တော် ဧပြီ ၃

ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် မတ် ၃၀ ရက် နံနက် ၈ နာရီခွဲက ကန့်ဘလူမြို့နယ် နတ်ပေးကျေးရွာသို့ ရောက်ရှိပြီး ဒေသခံ ပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ ကျေးရွာ၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပေးအပ်

ဆက်လက်၍ တောက္ကရုပ်ကျေးရွာသို့ ရောက်ရှိရာ ဒေသခံတစ်ဦးက ဒေသအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးကာ အားကစားပစ္စည်းများ၊ စာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်သည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထိုမှတစ်ဆင့်ဝန်ကြီးသည် မင်းကုန်း(က)ကျေးရွာသို့ရောက်ရှိပြီး တွဲဖက်အခြေခံပညာအထက်တန်းကျောင်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ကျောင်းအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ အားကစားပစ္စည်းများ၊ စာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်သည်။

တွေ့ဆုံ

ထို့နောက်ဝန်ကြီးသည်ဇီးကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံ၍ အားကစား ပစ္စည်းများ၊ စာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ကန့်ဘလူမြို့နယ် နတ်ပေးကျေးရွာဒေသခံ ပြည်သူများအတွက် အားကစားပစ္စည်းများ၊ စာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်စဉ်။

(သတင်းစဉ်)

မြို့သစ်ကတ္တရာလမ်းသစ်ဖွင့်ပွဲ ပြည်မြို့၌ ကျင်းပ

ပြည် ဧပြီ ၃

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော မြို့သစ် (၃)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ်၂၅ရက်က ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်၊ ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်၊ ဌာနဆိုင်ရာများ၊ ပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ပြီး ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ညွှန့်နှင့် ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြောင်း သိရသည်။ (ဝဲပုံ)

(မြို့နယ်စည်ပင်)

မီးမလောင်ခင် သတိယှဉ် ကြိုတင် ကာကွယ်ပါ

Prolink LCD Monitor များ စတင်မိတ်ဆက်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၃

ဈေးနှုန်းသက်သာပြီး အရည်အသွေးကောင်းမွန်သော Prolink LCD Monitor များကို KMD Sales & Service Centre မှ မြန်မာပြည်၏ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် မြန်မာနိုင်ငံတွင် စတင် ဖြန့်ချိရောင်းချပေးမည့်အကြောင်း မိတ်ဆက်ပွဲအခမ်းအနားကို မတ်၂၁ရက်က ရန်ကုန်မြို့ Traders Hotel ၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် KMD Computer Group ၏ Chairman & CEO ဦးသောင်းတင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး Prolink Product များကို တာဝန်ယူထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသော Fida International Pte Ltd. မှ General Manager Mr. Jack Haungနှင့် Senior Sales Manager Mr. Samuel Han တို့က Prolink Product များအကြောင်းကို ရှင်းလင်းတင်ပြကြသည်။

အသိအမှတ်ပြု

ယင်းနောက် Mr.Jack Haung က KMD Sales & Service Centreအား မြန်မာနိုင်ငံတွင် Prolink Productများကို တာဝန်ယူဖြန့်ချိပေးမည့် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုသည့် Authorised Distributorနှင့် Prolink Productများအတွက် သတ်မှတ်ထားသော Standard အတိုင်း ဝန်ဆောင်မှုပေးမည့် Authorised Service Centre အဖြစ် အသိအမှတ်ပြုလက်မှတ်များကို ပေးအပ်သည်။

အသိအမှတ်ပြုလက်မှတ်

Prolink အမှတ်တံဆိပ် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို ၁၉၉၁ခုနှစ်မှစ၍ ထုတ်လုပ်ဖြန့်ချိခဲ့ပြီး သုံးစွဲသူများ၏ လိုအပ်ချက်နှင့်ကိုက်ညီအောင် အမြဲတီထွင်ဆန်းသစ်နေသည်သာမက ဈေးနှုန်းချိုသာအောင် ထုတ်လုပ်ဖြန့်ချိလျက်ရှိကြောင်း၊ ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးကောင်းမွန်မှုအတွက် အသိအမှတ်ပြုလက်မှတ်ဖြစ်သော ISO 9001 Quality Certificateကို ၁၉၉၉ခုနှစ်က ရရှိထားကြောင်း သိရသည်။

ဆက်သွယ်စုံစမ်းနိုင်

Prolink LCD Monitors များကို 3 years parts & service warranty (LCD panel-1 year parts warranty) ဖြင့် ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း၊ ဝယ်ယူအားပေးသူများကို ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ဝယ်ယူသူတိုင်းအား ကံစမ်းမဲလက်မှတ်များ ထုတ်ပေးသွားမည်ဖြစ်ပြီး ကံထူးရှင်များကို အောက်တိုဘာလတွင် ကြေညာ၍ ဆုမဲများကို အခမ်းအနားဖြင့် ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ဆုမဲများအနေဖြင့် ပထမဆု(၃၂)လက်မ Prolink LCD TV၊ ဒုတိယဆု(၂၂)လက်မ Prolink LCD Monitor၊ တတိယဆု(၁၉)လက်မ Prolink LCD Monitor၊ စတုတ္ထဆု (၁၇)လက်မ Prolink LCD Monitor နှင့် ပဉ္စမဆု(၁၆)လက်မ Prolink LCD Monitor တို့ဖြစ်ကြောင်း၊ Prolink LCD Monitor များသာမက အခြားကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို KMD Sales & Service Centre မှ တစ်ဦးတည်းကိုယ်စားလှယ်အနေဖြင့် ဖြန့်ချိရောင်းချပေးသွားမည်ဖြစ်ကြောင်း အသေးစိတ်သိရှိလိုပါက KMD Sales & Service Centre အမှတ်(၅၅၀-၅၅၂)ကုန်သည်လမ်း ကျောက်တံတား မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၄၀၇၁၊ ၂၄၅၁၈၀၊၃၈၄၁၀၉၊၅၀၃၅၁၁၊ ၅၀၃၅၂၂တို့သို့ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေရာကွက်ကျား ထစ်ချုန်းရွာနိုင်သောမိုးကြောင့် နွေစပါးအပါအဝင် သီးနှံများပျက်စီးလေလွင့်မှု မရှိစေရန် နှိုးဆော်ချက်

ယခုရက်ပိုင်းအတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည့် အခြေအနေများ ဖြစ်ပေါ်လျက်ရှိပါသည်။ သို့ပါ၍ ရိတ်သိမ်းဆဲ၊ ရိတ်သိမ်းပြီး နွေစပါးများကို လေလွင့် ဆုံးရှုံးမှုမရှိစေရန်အတွက် အောက်ပါအချက်များကို ဂရုပြုလိုက်နာဆောင်ရွက်ကြပါရန် နှိုးဆော်ပါသည်-

(၁) မိုးရွာသွန်းနေစဉ် လုံးဝစပါးမရိတ်သိမ်းပါနှင့်။

(၂) ရိတ်သိမ်းဆဲနွေစပါးများကို ကောက်ပြန့်များ မပြုလုပ်ဘဲ ကောက်လှိုင်းများအား မိုးရေလျှော့ပုံပါ။

(၃) ရိတ်သိမ်းပြီး ကောက်လှိုင်းများ ရွှေ့ပြောင်းရန် အချိန်မမီပါက ပလတ်စတစ် စသည့် အမိုးအကာများနှင့်ဖုံးအုပ်ထားပါ။

(၄) မိုးမိသည့် ကောက်ပြတ်များကို မိုးပြတ်လျှင် ပြတ်ချင်းနေလှန်းပါ။

(၅) တလင်းပျောက်စနစ်ဖြင့် စက်စွမ်းအားအသုံးပြုပြီး ရိတ်ခြွေအခြောက်ခံပါ။

(၆) တောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးဖြစ်ထွန်းနေသော သီးနှံများ၊ စိုက်ခင်းများ ပိုးမွှားရောဂါကျရောက်ဖျက်ဆီးမှုမရှိအောင် ဂရုပြုစစ်ဆေးပြီး ကာကွယ်နှိမ်နင်းရန် လိုအပ်ပါက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ ရုံးဌာနများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့များနှင့် ညှိနှိုင်းဆက်သွယ်ဆောင်ရွက်၍ အကူအညီများ ရယူဆောင်ရွက်ပါ။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

ပြင်ဦးလွင်၌ မီးဘေးကြိုတင်ကာကွယ်ရေးဟောပြော

ပြင်ဦးလွင် ဧပြီ ၃

ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဇင်သန့် ဦးဆောင်စီစဉ်ဆောင်ရွက်၍ ဝန်ထမ်းများ မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် သရုပ်ပြပွဲအခမ်းအနားကို မတ် ၂၅ရက် နံနက် ၁၀နာရီက ဆေးသုတေသနဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်းက ဖြတ်သန်းလာခဲ့ရသည့် ဘဝအတွေ့အကြုံများ၊ မီးသတ်စည်းကမ်းနှင့် တာဝန်ဝတ္တရားများကို အသေးစိတ် ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများအား မီးငြိမ်းသတ်ဆေးဘူးများဖြင့် လက်တွေ့သရုပ်ပြသကြသည်။ **(၀၈၈)**

ကျောက်မဲမြို့နယ်စည်ပင် ကတ္တရာလမ်းသစ်ဖွင့်

ကျောက်မဲ ဧပြီ ၃

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျောက်မဲမြို့ အမှတ်(၉)ရပ်ကွက် ရွက်လှလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၇ရက်က အဆိုပါလမ်းသစ်မုခ်ဦး၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေး၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းကိုကိုနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(မြို့နယ်စည်ပင်)

အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ဆင်ဘိုမြို့၌ ကျေးရွာစာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးရေးဆွေးနွေး

ကချင်ပြည်နယ် ဆင်ဘိုမြို့ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး ရှင်းလင်းဆွေးနွေးပွဲကို မတ် ၁၅ရက်က မံဖွားကျေးရွာရုံး၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးစိုးမြင့်က ကျေးရွာဥက္ကဋ္ဌဦးရေပေါ်နှင့် စာကြည့်တိုက်ကော်မတီဝင်များအား ကျေးရွာစာကြည့်တိုက်များ စံ(၅)ရပ်နှင့်အညီ ရှင်သန်ဖွံ့ဖြိုးအောင် ဆောင်ရွက်ရေး၊ စာအုပ်စာစောင်နှင့်ရန်ပုံငွေတိုးပွားရရှိရေး၊ စာငှားစနစ်ပီပြင်အောင် ဆောင်ရွက်ရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။ (မြို့နယ် ပြန်/ဆက်)

ပြင်ဦးလွင်၌ ကျန်းမာရေး ပညာပေးဟောပြော

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရီရီဝင်းနှင့်အသင်းအဖွဲ့ဝင်များသည် မတ် ၁၉ရက်က ပြင်ဦးလွင်မြို့နယ် ဒိုးကွင်ကျေးရွာနှင့် သုံးထောင်ကျေးရွာများသို့သွားရောက်၍ အသင်းအဆိုပြုလွှာလက်ခံခြင်းနှင့် ကျန်းမာရေးလုပ်ငန်းများ အသိပညာပေး ဟောပြောဆောင်ရွက်ကြသည်။ **(၀၈၈)**

ကာမိုင်း၌ လူကူးတံတားဆောက်ရန် တိုင်းတာ

ကာမိုင်းမြို့ စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်အတွင်း မြို့မ(၃)ရပ်ကွက် နဝဒေးလမ်း လောရှာချောင်းကူး (၁၈×၁၆×၇)ပေရှိ လူကူးသစ်သားတံတားကို မြို့မိမြို့ဖ ဦးမောင်လေးက လှူဒါန်း ဆောက်လုပ်မည်ဖြစ်ရာ တံတားဆောက်မည့်နေရာကို မတ်၂၆ရက်က မြို့တာဝန်ခံ ဦးစီးအရာရှိ ဦးမိုးလွင်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးယုန်ဖု(ခ)ရန်နိုင်တို့ ကြီးကြပ်တိုင်းတာမှုများ ဆောင်ရွက်ကြသည်။ *(မြို့နယ်စည်ပင်)*

မိုးကောင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်၏ ကြီးကြပ်မှုဖြင့် အဖွဲ့ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်းပြီး မတ် ၁ရက် နံနက်က မိုးကောင်းမြို့ ဈေးကုန်းရပ်ကွက် အောင်သုခလမ်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။ **(၀၀၁)**

စိမ့်စမ်းရေပေးရေးဖွင့်ပွဲ ဝိုင်းမော်၌ ကျင်းပ

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာတွင် စိမ့်စမ်းရေပေးရေး ဖွင့်ပွဲအခမ်းအနားကို မတ် ၂၃ရက် နံနက် ၈ နာရီက အဆိုပါမဏ္ဍပ်၌ ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ အင်ဂျင်နီယာ ဦးသန်းထွန်းဝင်းက စိမ့်စမ်းရေပေးရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူ ဦးအေးကိုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ *(မြို့နယ် ပြန်/ဆက်)*

မွေးမြူရေးလုပ်ငန်းတိုးချဲ့ရန် ငွေထုတ်ချေး

ကန့်ဘလူမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ကြီးကြပ်ဆောင်ရွက်မှုဖြင့် မြို့နယ် သိုး၊ ဆိတ် မွေးမြူရေးအသင်း၏ မွေးမြူရေးချေးငွေ ပေးအပ်ပွဲကို မတ် ၂၅ရက် နံနက် ၉နာရီက မြို့နယ်မွေးမြူရေးဦးစီးဌာနရုံး ခန်းမဆောင်၌ ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဦးမြင့်ဦးက အမှာစကားပြောကြားပြီး မြို့နယ်သိုး၊ ဆိတ်မွေးမြူရေးအသင်းဥက္ကဋ္ဌ ဦးထွန်းလှိုင်နှင့် အတွင်းရေးမှူးတို့က အသင်းဝင် ၁၂၆ဦးတို့အား မွေးမြူရေးလုပ်ငန်းတိုးချဲ့ရန် ချေးငွေကျပ်သိန်း ၅၉၀ ထုတ်ချေးပေးကြောင်း သိရသည်။ *(၀၂၇)*

ကန်ကြီးထောင့်၌ မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်

ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးမီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဖေဖော်ဝါရီ ၁၈ရက်က အဖွဲ့ဝန်ထမ်းများ၊ ဈေးသူဈေးသားများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်ပြီး မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ဆောင်ရွက်ရာ အမှုဆောင်အရာရှိဦးလှသိန်းနှင့် မီးသတ်ဦးစီးမှူး ဦးမင်းဦးတို့ ကြီးကြပ်ဆောင်ရွက်ပေးသည်။ *(မြို့နယ်စည်ပင်)*

ပင်လည်ဘူး၌ မိုးလုံလေလုံ အားကစားရုံဖွင့်

စစ်ကိုင်းတိုင်း ပင်လည်ဘူးမြို့ မိုးလုံလေလုံအားကစားရုံဖွင့်ပွဲကို မတ်၂၁ရက် နံနက်၇နာရီက အဆိုပါအားကစားရုံ၌ ကျင်းပရာ အခမ်းအနားသို့ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့ပေါ်ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။ အဆိုပါ အားကစားရုံကို ငွေကျပ်၅၆၅သိန်းဖြင့် အကုန်အကျခံ၍ ဆောင်ရွက်ခဲ့သည်။ **(၀၂၉)**

နွားထိုးကြီးမြို့တွင်းလမ်းများ ကတ္တရာခင်းရန် စီစဉ်

နွားထိုးကြီးမြို့ပေါ် စည်ပင်သာယာရေးအဖွဲ့ပိုင် ကတ္တရာလမ်းများ ပြင်ဆင်ထိန်းသိမ်းရန် စည်ပင်ရုံးချုပ်မှ ကတ္တရာပီပါများ ပေးပို့ရောက်ရှိနေပြီး မြို့ပေါ်ရှိ ကတ္တရာလမ်းဟောင်းများ ထပ်ပိုးလွှာခင်းမည်ဖြစ်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ယခုနှစ်လမ်းများ ပြင်ဆင်ထိန်းသိမ်းမည့်အပြင် လမ်းသစ်အချို့လည်း ကတ္တရာတိုးချဲ့ခင်းရန် စီစဉ်ထားကြောင်း သိရသည်။ *(၀၉၂)*

စစ်တွေ-ပုဏ္ဏားကျွန်းရထားလမ်းပိုင်း လုပ်ငန်းဆောင်ရွက်နေမှု တိုင်းမှူးဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီးဗိုလ်ချုပ်အောင်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၃

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့သည် ဒုတိယဝန်ကြီး ဦးဖေသန်းနှင့်အတူ မတ် ၃၁ရက်က စစ်တွေ-အမ်း-မင်းဘူး ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း စစ်တွေ-ပုဏ္ဏားကျွန်းလမ်းပိုင်း စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ စီမံကိန်းအင်ဂျင်နီယာ ဦးမျိုးဇော်ထူးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် စစ်တွေဘူတာ ယာဒ်ဝင်းအတွင်း သံလမ်းအကြမ်းခင်းခြင်းလုပ်ငန်း၊ ကျောက်ဖြည့်တင်းခြင်း လုပ်ငန်း၊ ဇလီဖားတုံးအကြမ်းစီခြင်းလုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။**(အပေါ်ပုံ)**

ထိုမှတစ်ဆင့် မြေသားတာပေါင်တစ်လျှောက် မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြပြီး ဘုမကျေးရွာအနီးရှိ လက်သမားချောလက်တက်(၁)တံတား တည်ဆောက်နေမှု၊ မန်စီချောင်းတံတား တည်ဆောက်နေမှုနှင့် ဇောဂျာရွာအနီးရှိ ဇောပူဂျာ ဘူတာယာဒ်ဝင်း မြေကြီးလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဂုဏ်ပြုဆုငွေပေးအပ်

ထို့နောက် မုဆိုးချောင်းတံတား ကြမ်းခင်းကွန်ကရစ်လောင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ရေချမ်းပြင်သဘော်ဆိပ်၌ RBE တွဲဆိုင်းများ ရေချမ်းပြင် ဘူတာသို့ ယာယီလမ်းခင်း၍ သယ်ယူနေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တိုင်းမှူးနှင့်ဝန်ကြီးတို့က ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဒုတိယဝန်ကြီး ဦးဖေသန်းတို့သည် ပုဏ္ဏားကျွန်းမြို့သို့ ရောက်ရှိပြီး ပုဏ္ဏားကျွန်းဘူတာယာဒ်ဝင်း စက်ယန္တရားများဖြင့် မြေဖို့နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

တည်ဆောက်

အဆိုပါ စစ်တွေ - အမ်း - မင်းဘူး ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်း စစ်တွေ-ပုဏ္ဏားကျွန်းလမ်းပိုင်းသည် ၂၆မိုင်ရှည်ပြီး ပေ၄၀အောက်တံတား ၂၇စင်း၊ ဘလောက်ဘူတာငါးလုံးနှင့် ရပ်စခန်းဘူတာငါးလုံး တည်ဆောက်သွားရမည်ဖြစ်ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့ အခမ်းအနား ဘားအံတွင် ကျင်းပ

ဘားအံ ဧပြီ ၃

ကရင်ပြည်နယ် ဆဋ္ဌမအကြိမ်မြောက် အနာကြီးရောဂါ ကင်းဝေးရေး အထိမ်းအမှတ် အခမ်းအနားကို ဖေဖော်ဝါရီ ၆ရက် နံနက် ၉နာရီက ဘားအံမြို့ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းက အမှာစကား ပြောကြားသည်။**(ယာပုံ)**

ဆုချီးမြှင့်

ဆက်လက်ပြီး အနာကြီးရောဂါနှင့် ပတ်သက်၍ တက်ရောက်လာသူများက ပါဝင်ဆွေးနွေးပြီး ပြည်နယ်/တိုင်းအခြေခံအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကျိုက်ထိုမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ကျိုက်ထို ဧပြီ ၃

ကျိုက်ထိုမြို့နယ်အသင်း(ရန်ကုန်)၏ (၅၆)နှစ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ်၂၈ရက် နံနက်ပိုင်းက ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်အနီးရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီခန်းမရုံး၌ ကျင်းပသည်။

ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ဒေါ်မျိုးမြင့်အေးက အဖွင့်အမှာစကားပြောကြားပြီး အသင်းအမှုဆောင်များက မြို့နယ်အသင်း အစီရင်ခံစာများကို ဖတ်ကြားတင်သွင်း အတည်ပြုကြပြီး အမှုဆောင်သစ်ကို ရွေးချယ်တင်မြှောက်သည်။

ထို့နောက် အသက်(၇၅)နှစ် အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ကြပြီး အသင်းဥက္ကဋ္ဌ ဒေါ်မျိုးမြင့်အေး၊ ဘဏ္ဍာရေးမှူး ဒေါ်နွဲ့ရီ(ဝဲပုံ) နှင့် အမှုဆောင်များက ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားကျောင်းသူများအား ပညာရည်ချွန်ဆု ချီးမြှင့်ကြသည်။ **(ပညာရေး)**

မြစ်ကြီးနားမြို့နယ်၌ ပွင့်လင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

မြစ်ကြီးနား ဧပြီ ၃

မြစ်ကြီးနားမြို့နယ် မော်ဖောင်းကျေးရွာအုပ်စု အထက်မော်ဖောင်းကျေးရွာ ပွင့်လင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၁၆ရက်က အဆိုပါကျေးရွာ စာကြည့်တိုက်၌ ကျင်းပရာ စာကြည့်တိုက် အဆောက်အအုံသစ်ကို ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဇော်မြင့်အောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်စိုးစိုးထွန်းနှင့် ကျေးရွာစာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးလွှမ်းခေါင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

နွားထိုးကြီး၌ ရဲကျင့်ဝတ်ရေးဖြေ ဆန်းစစ်ချက်ဖြေဆို

နွားထိုးကြီး ဧပြီ ၃

၂၀၀၉ခုနှစ် မြို့နယ်အဆင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲကျင့်ဝတ်ရေးဖြေဆန်းစစ်ချက်ကို မတ် ၂၁ရက် နံနက် ၉နာရီက မြို့မအခြေခံပညာအထက်တန်းကျောင်း(ခွဲ) ခန်းမ၌ ကျင်းပရာ မြို့နယ်အတွင်းရှိ နွားထိုးကြီး၊ ဝက်လူး၊ ကန်နားနှင့် ပြင်စည်ရဲစခန်းများမှ အရာရှိနှင့် အခြားအဆင့်တပ်ဖွဲ့ဝင် ၈၁ဦး ဝင်ရောက်ဖြေဆိုကြရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းဝင်းနှင့် မြို့မရဲတပ်ဖွဲ့စခန်းမှူးရဲအုပ်ခင်မောင်စိုးတို့ ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ (၀၈၉)



မြန်မာနိုင်ငံစာရင်းကောင်စီ၏ လက်မှတ်ရ စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင်သင်တန်း အောင်လက်မှတ်ပေးအပ်ခြင်းနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဧပြီ ၃

မြန်မာနိုင်ငံစာရင်းကောင်စီ၏ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင်သင်တန်း အောင်လက်မှတ်ပေးအပ်ခြင်းနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို မတ် ၂၉ရက် မွန်းလွဲ ၁နာရီတွင် စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ရန်ကုန်မြို့၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်၊ မြန်မာနိုင်ငံစာရင်းကောင်စီဝင်များ၊ စာရင်းကိုင်အလုပ်သင်နှင့် သင်တန်းကြီးကြပ်ရေးကော်မတီဝင်များ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဘဏ္ဍာရေးအတိုင်ပင်ခံများ၊ ဆုနှင့် ပညာရေးရန်ပုံငွေ အလှူရှင်များ၊ ဆုရရှိသူများနှင့် သင်တန်းအောင်မြင်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ချီးမြှင့်

ထို့နောက် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင်စာမေးပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ ဘာသာရပ်အလိုက် အမှတ်အများဆုံးရရှိသူများ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင် ဒုတိယပိုင်းစာမေးပွဲ အောင်မြင်သူများအား မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ၊ စာရင်းကိုင်အလုပ်သင်နှင့် သင်တန်းကြီးကြပ်ရေးကော်မတီဝင်များ၊ ဆုနှင့် ပညာရေးရန်ပုံငွေအလှူရှင်တို့က ဆုတံဆိပ်၊ ငွေသားဆုငွေများနှင့် အောင်လက်မှတ်များကို အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေး ဒုတိယဝန်ကြီး ဦးမောင်မြင့် ကိုရီးယားသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဧပြီ ၃

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာလီယုံဂျွန်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့၏ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဆွေးနွေးညှိနှိုင်းမှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရန်နှင့် ပထမအကြိမ် နှစ်ဖက်ဆွေးနွေး ညှိနှိုင်းမှုများပြုလုပ်ရန် မတ်၂၉ရက်မှ ဧပြီ ၂ရက်အထိ ကိုရီးယားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီးနောက် ဧပြီ၂ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

လက်မှတ်ရေးထိုး

ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် ကိုရီးယားသမ္မတနိုင်ငံ ခရီးစဉ်အတွင်း ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာလီယုံဂျွန်းနှင့် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဆွေးနွေးညှိနှိုင်းမှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပြီး ပထမအကြိမ် နှစ်ဖက်ဆွေးနွေး ညှိနှိုင်းမှု ပြုလုပ်ခဲ့သည်။

ယင်းကဲ့သို့ ဆွေးနွေးညှိနှိုင်းရာတွင် နှစ်နိုင်ငံကြား စွမ်းအင်ကဏ္ဍ၊ စက်မှုကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ အလုပ်သမားကဏ္ဍ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ယဉ်ကျေးမှုနှင့် ပြန်ကြားရေး စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများနှင့် နှစ်ဖက်အကျိုးတူ ကိစ္စရပ်များတွင် ဆက်လက်ပူးပေါင်း ဆောင်ရွက်မည့် ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ကြည့်ရှုလေ့လာ

ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် အာဆီယံ-ကိုရီးယား ဆွေးနွေးဖက် နှစ်(၂၀)ပြည့် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးကျင်းပမည့် ကိုရီးယားသမ္မတနိုင်ငံ ဂျေဂျူးကျွန်းသို့လည်း သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာလီယုံဂျွန်းအား တွေ့ဆုံနှုတ်ဆက်စဉ်။ (နိုင်ငံခြားရေး)

ရှေ့ဦးကလေးသူငယ်ပြုစုပျိုးထောင်ရေး သင်တန်းဆင်း

ရန်ကုန် ဧပြီ ၃

လူမှုဝန်ထမ်းဦးစီးဌာနနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ကြီးမှူးဖွင့်လှစ်သော ရှေ့ဦးကလေးသူငယ်ပြုစုပျိုးထောင်ရေး အခြေခံသင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီက အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းမြို့နယ်ခန်းမ၌ကျင်းပရာ ရှေးဦးစွာ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။

သင်တန်းဆင်းလက်မှတ်ပေးအပ်

ဆက်လက်၍ ရန်ကုန်တိုင်း လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးတင့်လွင်ဦးတို့က အမှာစကားပြောကြားပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင် **(ဝဲပုံ)** နှင့် တိုင်းဦးစီးမှူး ဦးတင့်လွင်ဦး၊ သဃ်္ဃန်းကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လွင်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ဇနီး ဒေါ်သောင်းမြနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြသည်။ **(၁၂၁)**

အဆင့်မြင့်လက်တွေ့အသုံးချ ဆေးဝါးစီမံခန့်ခွဲမှုသင်တန်းဆင်း

ရန်ကုန် ဧပြီ ၃

မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းက ကြီးမှူးဖွင့်လှစ်သည့် အဆင့်မြင့် လက်တွေ့အသုံးချ ဆေးဝါးစီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ်(၄) ဆင်းပွဲအခမ်းအနားကို ဧပြီ ၁ရက်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း UMFCCI Office Tower ရှိ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များ အသင်းရုံးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူနှင့် ဒုတိယဥက္ကဋ္ဌ ဦးသန့်ဇင်တို့က အမှာစကားပြောကြားကြပြီး သင်တန်းဆရာများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း၊ သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များကို လည်းကောင်း ပေးအပ်ကြသည်။

ယင်းနောက် တွဲဖက်အတွင်းရေးမှူး ဒေါက်တာသင်းနွယ်ဝင်းက သင်တန်းမှူးချုပ် ဒေါက်တာဒေါ်မီမီကိုအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ပြီး သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ဂုဏ်ပြုဆုပေးအပ်

ဆက်လက်၍အသင်းဥက္ကဋ္ဌဒေါက်တာဝင်းစည်သူက သင်တန်း ထူးချွန်ဆုရ သင်တန်းသား ဦးကောင်းဆွေလတ်နှင့် သင်တန်းသူ ဒေါ်သက်စန္ဒီဦးတို့အား ဂုဏ်ပြုဆုများကို ပေးအပ်သည်။ **(အောက်ပုံ)**

ရှင်းလင်းပြောကြား

ထို့နောက်သင်တန်းမှူးချုပ်ဒေါက်တာဒေါ်မီမီကိုက သင်တန်းအကြောင်းကို ရှင်းလင်းပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

KNU သောင်းကျန်းသူအဖွဲ့မှ ကွယ်လွန်သူ KNU/KNLA ဥက္ကဋ္ဌဟောင်း စောဘိုမြ၏သား ဗိုလ်ကြီးအဆင့်ရှိ စောနေစိုးမြ ဦးစီးသည့် စုစုပေါင်းအင်အား ၁၅၉ဦး လက်နက်မျိုးစုံ ၂၄လက်နှင့်အတူ ထို့ကော်ကိုးကျေးရွာသို့ လာရောက်ပူးပေါင်း

နေပြည်တော် ဧပြီ ၃

ပြည်သူများ၏ဆန္ဒကို အမြဲဖြည့်ဆည်းပေးလျက်ရှိသော နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရန်အတွက် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိသည်။

လာရောက်ပူးပေါင်း

နိုင်ငံတော်အစိုးရက ချမှတ်ထားသည့် မူဝါဒလမ်းစဉ်များအပေါ် နားလည်ယုံကြည်မှုရှိပြီး နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ စေတနာအမှန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများကို တွေ့မြင်သိရှိလာခြင်း၊ နယ်မြေအေးချမ်းမှုကြောင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများအပေါ် ဒေသခံပြည်သူများ ဝမ်းမြောက်ဝမ်းသာရှိနေခြင်းနှင့် တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပြီးသော တိုင်းရင်းသားအဖွဲ့အစည်းများအပေါ် နိုင်ငံတော်က စောင့်ရှောက်ပေးထားမှုများကို မျက်မြင်သိရှိနားလည်ယုံကြည်လာခြင်းများကြောင့် KNU သောင်းကျန်းသူအဖွဲ့မှ ကွယ်လွန်သူ KNU/KNLA ဥက္ကဋ္ဌဟောင်း စောဘိုမြ၏သား ဗိုလ်ကြီးအဆင့်ရှိ စောနေစိုးမြ ဦးစီးအင်အား ၇၁ဦး၊ မိခိုသူမိသားစုဝင် ၈၈ဦး စုစုပေါင်းအင်အား ၁၅၉ဦးတို့သည် လက်နက်မျိုးစုံ ၂၄လက်နှင့်အတူ မတ် ၃၀ရက်တွင် KNU/KNLA ငြိမ်းချမ်းရေးကောင်စီအဖွဲ့ရှိရာ ထို့ကော်ကိုးကျေးရွာသို့ လာရောက်ပူးပေါင်းခဲ့ကြကြောင်း သိရှိရသည်။

နေရာချထား

တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာသော စောနေစိုးမြနှင့်အဖွဲ့အား တာဝန်ရှိသူများနှင့် ဒေသခံများက လှိုက်လှိုက်လှဲလှဲ ဝမ်းပန်းတသာ ကြိုဆိုခဲ့ကြကြောင်းနှင့် စောနေစိုးမြနှင့် အဖွဲ့ဝင်မိသားစုများအတွက် နိုင်ငံတော်အစိုးရက နေအိမ်များ ဆောက်လုပ်နေရာချထားပေးပြီး လိုအပ်သည့်အခြားထောက်ပံ့မှုများကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

4-4 (07).pmd 1 4/4/2009, 2:43 AM

● ရှေ့မှ

အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှသံတမန်များ၊ ဗဟိုသမဝါယမအသင်း လီမိတက်ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံးမှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် ဗဟိုသမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဦးခင်မောင်အေးတို့က နာဂစ်လွန် မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က စက်ခလုတ်နှိပ်၍ နာဂစ်လွန် မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော် ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆရာစံပလာဇာ ပထမထပ်ရှိ ပျူ၊ ပုဂံ၊ အင်းဝ၊ ပင်းယ၊ တောင်ငူနှင့် ကုန်းဘောင်ခေတ် မြန်မာ့ယဉ်ကျေးမှု သရုပ်ဖော်ပန်းပုရုပ်တုများနှင့် ပန်းချီကားများ၊ ဒုတိယထပ်ရှိ တရုတ်နှင့် ဥရောပ လက်မှုပညာပုံစံ ပန်းပုရုပ်တုများ၊ ပန်းချီကားများနှင့် ပရိဘောဂများ၊ တတိယထပ်ရှိ ပြိုင်ပွဲဝင် ဆုရပန်းပုရုပ်တုများနှင့် ပန်းချီကားများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြေညီထပ်ရှိ လက်မှုပန်းပုပစ္စည်း အရောင်းဆိုင်များကိုလည်းကောင်း၊ ပန်းပုဉယျာဉ်တွင် ပန်းပုပညာရှင်များက ပန်းပုရုပ်တုများ ထုလုပ်နေမှုနှင့် ထုလုပ်ထားသော ပန်းပုရုပ်တုများကိုလည်းကောင်း လှည့်လည်ကြည့်ရှု အားပေးကြသည်။

နာဂစ်လွန် မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်ရှိ ပန်းပုရုပ်တုများသည် နာဂစ်မုန်တိုင်းဒဏ်ကြောင့် ပြိုလဲခဲ့ရသော သစ်ပင်၊ သစ်မြစ်နှင့် သစ်ဆုံများကို ရန်ကုန်၊ မန္တလေးနှင့် ပဲခူးတိုင်း၊ ရခိုင်ပြည်နယ်တို့မှ ပန်းပုပညာရှင် ၄၀၀ကျော်တို့က မြန်မာမှု ပျူ၊ ပုဂံ၊ အင်းဝ၊ ပင်းယ၊ တောင်ငူနှင့် ကုန်းဘောင်ခေတ် လက်ရာရုပ်တုများ၊ တရုတ်ယဉ်ကျေးမှုဆိုင်ရာ လက်ရာရုပ်တုများ၊ ဥရောပ လက်မှုပညာ ပုံစံရုပ်တုများနှင့် မော်ဒန်လက်ရာ ရုပ်တုများ အပါအဝင် ရုပ်တုပေါင်း ၇၀၀ကျော်တို့ကို ထုဆစ်ထားကြသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် ဗဟိုသမဝါယမအသင်း လီမိတက် ဥက္ကဋ္ဌ ဦးခင်မောင်အေးတို့ နာဂစ်လွန် မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ရောင်းချပြသ

အဆိုပါအရောင်းပွဲတော်ကို ယနေ့မှ မေ ၇ရက်အထိ နံနက် ၉နာရီမှ ည ၉နာရီအထိ ဖွင့်လှစ်ရောင်းချ ပြသသွားမည်ဖြစ်ပြီး သင်္ကြန်ပွဲတော်ရက်များအတွင်း ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း
အမ်းချောင်းနှင့် စိုင်ဒင်ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း စိုင်ဒင်ရေအားလျှပ်စစ်စီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၃

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် မတ် ၃၀ရက်က ရခိုင်ပြည်နယ် အမ်းမြို့၏ အရှေ့မြောက်ဘက် အမ်းချောင်းပေါ်၌ အမှတ်(၆) တည်ဆောက်ရေးက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အမ်းချောင်း ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးကာ စီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ရည်ရွယ်တည်ဆောက်

အဆိုပါ အမ်းချောင်းရေအားလျှပ်စစ် စီမံကိန်းသည် ၅မဂ္ဂါဝပ်ရှိ စက်နှစ်လုံးဖြင့် စုစုပေါင်း စက်တပ်ဆင်အင်အား ၁၀ မဂ္ဂါဝပ်မှ ထွက်ရှိသော လျှပ်စစ်ဓာတ်အားကို ရခိုင်ပြည်နယ်အလယ်ပိုင်းသို့ ဓာတ်အားဖြန့်ဖြူးပေးရန်နှင့် မဟာဓာတ်အားလိုင်းစနစ်သို့ ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရန် ရည်ရွယ်တည်ဆောက်နေသည့် စီမံကိန်းတစ်ခုဖြစ်သည်။

ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် မတ် ၃၁ရက်က ဘူးသီးတောင်မြို့နယ်၌ တည်ဆောက်လျက်ရှိသော စိုင်ဒင်ရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိရာ တာဝန်ရှိသူတို့က စီမံကိန်းလုပ်ငန်းများကို တင်ပြကြပြီး ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ထို့နောက် ဝန်ကြီးက လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းပေးပြီး စမ်းသပ်တူးဖော်ထားသော မြေကြီး၊ သဲ၊ ကျောက်နမူနာများကို ကြည့်ရှုစစ်ဆေးသည်။

ထုတ်လုပ်ပေးနိုင်

ယင်းနောက် ဝန်ကြီးသည် စစ်တွေ၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များမှ စီမံကိန်းနေရာသို့ လေ့လာရန် ရောက်ရှိနေကြသော ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ စိုင်ဒင်ရေအားလျှပ်စစ်စီမံကိန်းသည် လျှပ်စစ်စက်တပ်ဆင်အင်အား ၇၆ဒသမ ၅မဂ္ဂါဝပ်ရှိပြီး စီမံကိန်းပြီးစီးပါက နှစ်စဉ် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၂၃၆သန်း ထုတ်လုပ်ပေးနိုင်မည့် ရေအားလျှပ်စစ် စီမံကိန်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

ဒလမြို့နယ် ပြန်/ဆက်ဦးစီးဌာန ကြီးမှူး
စံ(၅)ရပ်နှင့်အညီ ရှင်သန်ခိုင်မာရေး ဟောပြော

ရန်ကုန် ဧပြီ ၃

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့ပူးပေါင်း၍ ဒလမြို့နယ် တုံးတင်ကန်(တ)ကျေးရွာအုပ်စု၊ သက္ကယ်ကွင်းကျေးရွာ၌ ဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို မတ် ၂၄ရက် နံနက် ၁၁နာရီက ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးဝင်းထွန်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်တို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဟောပြော

ထို့နောက် သက္ကယ်ကွင်းကျေးရွာ ဥက္ကဋ္ဌ ဦးဝင်းထွန်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်က စာဖတ်ရှိန်မြင့်မားရေး၊ စံ(၅)ရပ်နှင့်အညီ ရှင်သန်ခိုင်မာရေး၊ စာငှားကတ်စနစ်ဖြင့် ရန်ပုံငွေရှာဖွေရေး၊ စာကြည့်တိုက် သီးသန့်အဆောက်အအုံဖြစ်လာရေး ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်က စာအုပ်စာစောင်များလှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးဝင်းထွန်းနှင့် စာကြည့်တိုက်မှူးတို့က လက်ခံယူကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

နယ်စပ်များမှ တရားမဝင် တင်သွင်း၍ ဖမ်းဆီးရမိသော အောက်ဖော်ပြပါ ဆေးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများဖြစ်ပါကြောင်းနှင့် ဆေးဝါးများမှာ အရည်အသွေးအာမခံချက် မရှိပါကြောင်း အသိပေးအပ်ပါသည်-

စဉ်	ဆေးအမည်	ထုတ်လုပ်သည့် ကုမ္ပဏီ/နိုင်ငံ
၁	Premobrom Tablet (Bromhexime HCl 8mg)	Public P'cal Lab Co.,Ltd. Thailand.
၂	Diclonac Tablet (Diclofenac Sodium 25 mg)	Lachmann Co.,Ltd. Thailand.
၃	Vagilan Tablet (Metronidazole 200mg)	Union Drug Labs Ltd. Thailand.
၄	Cardenol 40 Tablet (Propanolol 40 mg)	T.O pharma Co.,Ltd. Thailand.
၅	Newtamol Tablet (Paracetamol 500 mg)	New Life Pharma Co.,Ltd. Thailand.

အများပြည်သူတို့အနေဖြင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

တိုင်းရင်းဆေးဝါးနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စစ်ဆေးလျက်ရှိပါသည်။

ယင်းသို့ စစ်ဆေးရာတွင် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးများ၌ အဆိပ်အတောက်ဖြစ်စေနိုင်သည့် သတ္တုဓာတ်(Heavy Metal)များ ပါဝင်ဖော်စပ်ထားကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ စစ်ဆေးတွေ့ရှိသည့်အတွက် အများပြည်သူသုံးစွဲရန် အန္တရာယ်ရှိသော တိုင်းရင်းဆေးဝါးများဖြစ်ကြောင်းနှင့် ပြည်သူအများ သုံးစွဲရန်မသင့်လျော်ကြောင်း အသိပေးအပ်ပါသည် -

စဉ်	ဆေးဝါးအမည်	ထုတ်လုပ်ရာဌာန	ပါဝင်သည့်သတ္တုဓာတ် အမျိုးအစား
၁။	ဒေါ်ထွေး အမှတ်တံဆိပ် ဂေါမုတ္တဆေး	တရုတ်တန်းလမ်း၊ ဘုရားကြီးရပ် မုံရွာမြို့	အာဆင်းနစ်
၂။	ဒေါ်ကျင်၏ ကလေးသူငယ်နာ လေပုပ်ထုတ်ဆေး	အမှတ်(၇/၇၆၇)၊ သုမင်္ဂလာလမ်း တောင်ဥက္ကလာပ၊ ရန်ကုန်မြို့	အာဆင်းနစ်

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အများပြည်သူတို့ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဈေးကွက်အတွင်းရှိ တိုင်းရင်းဆေးဝါးများကို ဆက်လက်စစ်ဆေးဖော်ထုတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ကျန်းမာရေးဝန်ကြီးဌာန

မြန်မာ့ရုပ်မြင်သံကြား၏ ချစ်စရာ့အတာသင်္ကြန် အစီအစဉ်ပြိုင်ပွဲဝင်မည့် လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြို ကျောင်း အမှတ်(၄)မှ ရင်သွေးငယ်လေးများ ဧပြီ ၃ရက်က ကျောင်းခန်းမ၌ ဝတ်စုံပြည့် လေ့ကျင့်ဇာတ်တိုက် ကြစဉ်။ (၁၂၃)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၄-၂၀၀၉ (စနေနေ့)

AM & PM

၇:၀၀-၁:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅ **ဝေလာမသုတ္တန်** တရားတော် (ဒုတိယပိုင်း) (ဆရာတော်အရှင်သောဘန)
၈:၀၀-၂:၀၀ ငွေချည်(၆)ချည်မျှင်ရှည်ဝါ တိုးကာ စိုက်ပျိုးပါ
၈:၃၀-၂:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၈:၅၀-၂:၅၀ Activities in the City (မိုးယံ့ဖွန် စာနယ်ဇင်းအပ်နှံပွဲနှင့် ကန်တော့ပွဲပေးအခမ်းအနား)
၉:၀၅-၃:၀၅ ခါသင်္ကြန် အဆိုအက
၉:၁၀-၃:၁၀ ပြည်တွင်းသတင်းအကျဉ်း
၉:၂၀-၃:၂၀ တစ်ပတ်အတွင်း အားကစားသတင်း
၉:၃၅-၃:၃၅ ခါသင်္ကြန် အဆိုအက
၉:၄၀-၃:၄၀ စေတနာအစွမ်းဖြင့် ချမ်းမြေ့သာယာ ဘိုးဘွားရိပ်သာ
၁၀:၀၀-၄:၀၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၀-၄:၁၀ MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာမ ခင်မြဇင်နှင့် တွေ့ဆုံခြင်း)
၁၀:၃၅-၄:၃၅ မိုးလေဝသခန့်မှန်းချက်
၁၀:၄၀-၄:၄၀ တိုးတက်လာသော IT ခေတ်နှင့်အညီ ရင်ပေါင် တန်းနိုင်သော
၁၀:၅၅-၄:၅၅ တေးဂီတအစီအစဉ်
၁၁:၀၀-၅:၀၀ ပြည်တွင်းသတင်းအကျဉ်း
၁၁:၁၀-၅:၁၀ Yangon Panorama (Sony ၏ Cine Alta Camera မိတ်ဆက်ပွဲ)
၁၁:၃၀-၅:၃၀ ခါသင်္ကြန် အဆိုအက
၁၁:၃၅-၅:၃၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၀-၅:၄၀ သွားမယ် စားမယ် (365 Cafe)
၁၁:၅၅-၅:၅၅ CMA ပုညကုသလဗဟုကရ၏ မွန်မြတ်ကုသိုလ် သွေးအလှူ
၁၂:၂၀-၆:၂၀ ခါသင်္ကြန် အဆိုအက
၁၂:၂၅-၆:၂၅ Cartoon Show Time (Kung Fu Panda)
၁:၀၀-၇:၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်များ	ပြသမည့်လိုင်းများ
၆:၁၀	Blackburn-Tottenham	ESPN (Live)
၈:၂၅	Arsenal-Man City	ESPN (Live)
	Newcastle-Chelsea	STAR SPORTS (Live)
၁၀:၅၅	Fulham-Liverpool	STAR SPORTS (Live)
၁၁:၀၀	West Ham-Sunderland	ESPN (SDD)

＊ ကျော်ဖုံးမှ

မကွေးတိုင်း စေတုတ္တရာမြို့နယ်ရှိ မုန်းချောင်း ဘက်စုံရေလှောင်တမံကြီးကို ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၂၉ရက်က ဖွင့်လှစ်ပေးခဲ့ခြင်းဖြင့် ပူပြင်းခြောက်သွေ့ပြီး ရေရှားပါးသည့် တိုင်းအတွင်း ယခုအခါ ဆည်ရေသောက်ဧရိယာ တိုးတက်လာခဲ့သည်။ ထို့အပြင် စိုက်ပျိုးရေးကို ရာသီမရွေးစိုက်ပျိုးနိုင်သဖြင့် ဒေသခံတောင်သူများ၏ ဝင်ငွေတိုးပွားလာနိုင်သည်နှင့်အမျှ ရေအားလျှပ်စစ်စီမံကိန်းပါ ထည့်သွင်းတည်ဆောက်ပေးခဲ့ခြင်းဖြင့် ကြီးမားသည့် ပြည်သူ့အကျိုးပြု အောင်ပွဲတစ်ရပ် ဖြစ်ပေသည်။

ရရှိခံစား

မုန်းချောင်း ဘက်စုံရေလှောင်တမံကြီးသည် စိုက်ပျိုးမြေဧက တစ်သိန်းကျော်ကို ရေပေးဝေနိုင်သည့်အပြင် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ခြင်း၊ ဒေသကို ချောင်းရေကြီးမှုဘေးအန္တရာယ်မှကာကွယ်နိုင်ခြင်း၊ ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုခြင်းစသည့် အကျိုးသက်ရောက်မှုများစွာကို ရရှိခံစားကြရပေပြီ။

ထုတ်ယူရရှိနိုင်

မုန်းချောင်းရေလှောင်တမံမှာ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၆၇၄၄၀၀ ဖြစ်၍ ဆည်ရေပေးဝေနိုင်သည့် ဧက ၁၀၈၀၀၀ ဖြစ်ပြီး လျှပ်စစ်ဓာတ်အား ၇၅မဂ္ဂါဝပ် ထုတ်ယူရရှိသည်။

အမျိုးသားရေးရည်မှန်းချက်

နိုင်ငံတော်က ဤကဲ့သို့ ဆည်မြောင်းတာတမံများ၊ ရေအားလျှပ်စစ်စက်ရုံများ၊ လမ်းများ၊ တံတားများစသည့် တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် အမှန်လိုအပ်သည့် အခြေခံကောင်းများ တည်ဆောက်ပေးခြင်းဖြင့် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတစ်ခုနှင့်တစ်ခုအကြား ဆူကြဲနိမ့်မြင့်ကွာဟမှုများ လျော့နည်းပြီး ဒေသအားလုံး မျှမျှတတ တစ်ပြိုင်တည်းဖွံ့ဖြိုးရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုခိုင်မြဲရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ရေး စသည့် အမျိုးသားရေးရည်မှန်းချက်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါကြောင်း သတင်းမှတ်စုအဖြစ် မှတ်တမ်းပြု ဖော်ပြလိုက်ရပါကြောင်း။ ။ **(မြန်မာ့အလင်း)**

■ ကျော်ဖုံးမှ

ဗဟိုသမဝါယမအသင်းလီမိတက်နှင့် ကောင်းမြန်မာအောင်ကုမ္ပဏီလီမိတက်တို့က ပူးပေါင်းကျင်းပသည့် နာဂစ်လွန် မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော် ကျင်းပရာ အဝင်ဝမုခ်ဦး၌ သစ်မြစ်သစ်ဆုံများဖြင့် ထုလုပ်ထားသော မြင်းပျံရုပ်တု၊ ခြင်္သေ့ရုပ်တု၊ နဂါးရုပ်တုနှင့် မြန်မာ့လှည်းယဉ်ကြော့တို့မှာ တကယ့်သက်ရှိများအလား ထင်မှားဖွယ်ရာပင်။

"အနုပညာကို ဖော်ထုတ် ပြသချင်လို့ပါပဲ"
ပန်းချီ နီပိုဦး

အနုပညာအဆင့်

ထို့အပြင် အဝင်ဝမုခ်ဦးအတွင်း၌ သစ်ကုလားအုတ်နှစ်ကောင်ရုပ်တုမှာလည်း လက်ရာမြောက်ကာ အသက်ဝင်လှသည်။ ထုလုပ်ထားသော ပန်းပုလက်ရာကလည်း သေသပ်ကာ အနုပညာအဆင့်အတန်း မြင့်လေသည်။ မြေညီထပ်တွင် ပန်းပုနှင့် မြန်မာ့အနုပညာလက်ရာပစ္စည်းမျိုးစုံ အရောင်းပြခန်းများနှင့် ပန်းပုရွာ ပြကွက်များကို တွေ့ရသည်။ မြန်မာ့ ပန်းပုအနုပညာကို လက်တွေ့ ထုလုပ်နေမှုကို လေ့လာသိရှိနိုင်ရန် စီစဉ်ထားခြင်းဖြစ်သည်။

ပထမထပ်

ပထမထပ်တွင် လေအေးစက်ဖွင့်ထားရာ ပြသထားသော မြန်မာ့အနုပညာရုပ်တုများ၊ တိုင်းရင်းသားတို့၏ ဓလေ့ထုံးစံများ၊ မော်ဒယ်ရုပ်တုများ၊ ကုန်းနေ၊ ရေနေသတ္တဝါများနှင့် ကျေးငှက်သာရကာများ၏ ရုပ်တုအမျိုးမျိုးကို စိတ်အေးချမ်းသာစွာ သက်သောင့်သက်သာ ကြည့်ရှုလေ့လာနိုင်သည်။ ထူးခြားသည်မှာ နာဂစ်မုန်တိုင်းကြောင့် ပြိုလဲခဲ့သော နှစ် ၁၀၀ကျော် သက်တမ်းရှိသည့် ကုက္ကိုပင်စည်ကြီးအား စည်တော်ကြီး ထွင်းထုထားခြင်းပင် ဖြစ်သည်။ အရှည် ၁၆ပေရှိသော စည်တော်ကြီးကား ထင်ရှားခံ့ညားလှသည့် မြန်မာ့အနုပညာတူရိယာတစ်ခုကို ဖော်ညွှန်း

ဓာတ်ပုံပြိုင်ပွဲတွင် ဒုတိယဆုရ ထင်အောင်(အင်းစိန်)၏ ပီပြင်သော ဓာတ်ပုံ။ (မြန်မာ့အလင်း)

ပြသနေသည်။ တစ်ဖန် ရှေးခေတ်သူရဲကောင်း ပျူစောထီးရုပ်တုကြီးကလည်း အံ့သြဖွယ်ရာ လက်ရာမြောက်လှသဖြင့် အချိန်အတန်ကြာ ရပ်ကြည့်ရသည်အထိ ဖြစ်ရသည်။

အသွင်အပြင်

ဖွင့်ပွဲလာ ပရိသတ်များအား ဝါးတဲလေးအတွင်းမှ တေးသစ္စာမွန်းတေးဂီတအဖွဲ့ကလည်း မြန်မာသံစဉ်တေးများဖြင့် သီဆို ဖျော်ဖြေနေရာ သာယာငြိမ့်ညောင်းသော တေးသံမှာ ပန်းပုရုပ်တုနှင့် ပန်းချီကားများကို လေ့လာကြည့်ရှုသူများအတွက် စိတ်ချမ်းမြေ့စရာခံစားမှုကို ပေးလေသည်။ ထို့အပြင် ဝါးအမိုးများဖြင့် ပြုလုပ်ထားသော တဲအိမ်အတွင်း တိုင်းရင်းသား၊ တိုင်းရင်းသူတို့၏ ရုပ်တုများကို ထည့်သွင်းထားသဖြင့် တိုင်းရင်းသားကျေးရွာ အသွင်အပြင်ကို ပီပြင်စွာ ထင်ဟပ်စေလျက်ရှိသည်။

ဒုတိယထပ်

ပြပွဲကျင်းပရာ ဒုတိယထပ်သို့ ဆက်လက်တက်လာခဲ့ရာ ခန်းမအတွင်း ဥရောပ၊ ဂရိ၊ ရောမ၊ ခေါမနှင့် အရှေ့တိုင်း အနုပညာလက်ရာများကို ခမ်းနားများပြားစွာ မြင်တွေ့ရသည်။ ခန်းမနံရံများတွင် ပန်းချီကားများကိုလည်း ချိတ်ဆွဲထားသည်မှာ မြန်မာ့အနုပညာလက်ရာမြောက် ပန်းချီကားများချည်းဖြစ်နေသည်။ ယခုနာဂစ်လွန် မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်တွင် ၃ပေ× ၄ပေ ပန်းချီကားပေါင်း၁၀၀ကျော်ပါဝင်ပြသထားသည်ကို တွေ့ရသည်။ သစ်မြစ်၊ သစ်ဆုံများကို ထွင်းထုထားသော စားပွဲခုံများကလည်း မထိုင်ရက်၊ မထိရက်လောက်အောင် လက်ရာမြောက်လှပေသည်။

တတိယထပ်

တတိယထပ်တွင်မူ ပြိုင်ပွဲဝင်ပန်းချီကား ၁၆ကားအပြင် လျှပ်တစ်ပြက်ပန်းပု ၃၂ရုပ်တု၊ စိတ်ကြိုက်ရုပ်တုပြိုင်ပွဲဝင် ၃၂ရုပ်တုတို့ကို ခင်းကျင်းပြသထားသည်။ သင်္ကြန်ပွဲတော်၌ ရေလောင်းနေသော မောင်မယ်ရုပ်တု၊ မင်းသား မင်းသမီးနှစ်ပါးသွား အကရုပ်တု၊ ဆွမ်းအုပ်ပိုက် လုံမငယ်ရုပ်တုများကို ပြသထားသလို ပြိုင်ပွဲအတွင်း ဆုရရှိခဲ့ကြသော ဆုရပန်းချီကားနှင့် ရုပ်တုများကိုလည်း တွေ့ရသည်။

သူတို့ဆွတ်ခူး

နာဂစ်လွန် မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်တွင် ပြိုင်ပွဲများ ကျင်းပပေးခဲ့ရာ စိတ်ကြိုက် ပန်းပုပြိုင်ပွဲ၌ ပထမ ဦးလှမြင့်၊ ဒုတိယ ဦးကျော်စွာ၊ တတိယ ဦးကျော်မိုးအောင်နှင့် ဦးမျိုးဇော်ထွန်းတို့ ဆုအသီးသီး ရရှိခဲ့ကြသည်။ လျှပ်တစ်ပြက် ပန်းပုပြိုင်ပွဲတွင် ပထမ ဦးအောင်မျိုး၊ ဒုတိယ ဦးလှဦးနှင့် တတိယ ဦးသိန်းဇော်တို့ ဆုများ ဆွတ်ခူးခဲ့ကြသည်။

တစ်ဖန် စံပြမယ်ပန်းပုပြိုင်ပွဲတွင် ပထမ ဦးသန်းဇော်ထွန်း၊ ဒုတိယ ဦးဇော်လတ်နှင့် တတိယ ဦးသန်းလှိုင်တို့ ရရှိခဲ့ကြသည်။ ထို့အတူ ပန်းချီပြိုင်ပွဲတွင် ပထမ နီပိုဦး၊ ဒုတိယ ဦးဇော်ဝင်းနှင့် တတိယ ဦးငွေအောင်တို့ ဆုများ ဆွတ်ခူးခဲ့ကြပြီး ဓာတ်ပုံပြိုင်ပွဲတွင် ပထမ ဦးကိုဦး၊ ဒုတိယ ထင်အောင်(အင်းစိန်)နှင့် တတိယ စစ်ငြိမ်းပန်းတို့ ဆွတ်ခူးခဲ့ကြသည်။

ပထမဆုရသူ

ထို့နောက် ပန်းချီပြိုင်ပွဲ၌ ပထမဆုရရှိခဲ့သူ ပန်းချီဆရာ နီပိုဦးနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ "စံပြမယ်ပုံတူပြိုင်ပွဲမှာ ပထမဆွတ်ခူးခဲ့တာပါ။ ဒီပန်းချီကားကို ငါးရက်ကြာ ရေးဆွဲခဲ့ပြီး အခရိုင်းလစ်ဆေးကို အသုံးပြု ရေးဆွဲခဲ့ခြင်းဖြစ်ပါတယ်။ ဒီပြိုင်ပွဲဝင်ရတာက တော့ ဆုရခြင်း၊ မရခြင်းထက် အနုပညာကို ဖော်ထုတ်ပြသချင်လို့ပါပဲ။ အခုလို ဖော်ထုတ်ပြသခွင့်ရတဲ့အပြင် ပထမဆုပါရတဲ့အတွက် ဝမ်းသာမှုဖြစ်ရပါတယ်"ဟု ပန်းချီဆရာနီပိုဦးက မြန်မာ့အလင်းသို့ ပြောကြားသည်။

ဓာတ်ပုံပြိုင်ပွဲ

တစ်ဖန်ဓာတ်ပုံပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သူ ထင်အောင်(အင်းစိန်)အား မေးမြန်းရာ "ကျွန်တော့်မှာရှိတဲ့ ကင်မရာမီးနဲ့ ဖြစ်အောင်ရိုက်ကူးခဲ့တာပါ။ စံပြမယ်ကို ပန်းချီဆရာတစ်ဦး ပန်းချီရေးဆွဲနေတဲ့ပုံ ဖြစ်ပါတယ်။ အထင်ရှားဆုံး ရှုထောင့်နဲ့

"အထင်ရှားဆုံးရှုထောင့်နဲ့ အပီပြင်ဆုံးမြင်ကွင်းဖြစ်အောင် ကြိုးစားပြီး ရိုက်ကူးခဲ့တဲ့ ဓာတ်ပုံဖြစ်ပါတယ်"
ဓာတ်ပုံ-ထင်အောင်(အင်းစိန်)

အပီပြင်ဆုံး မြင်ကွင်းဖြစ်အောင် ကြိုးစားပြီး ရိုက်ကူးခဲ့တဲ့ လျှပ်တစ်ပြက် ဓာတ်ပုံဖြစ်ပါတယ်" ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

နာဂစ်လွန် မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်ကို မည်သူမဆို လာရောက် ကြည့်ရှုလေ့လာနိုင်ပြီး ဧပြီ ၃ရက်မှစတင်ကာ ဖွင့်လှစ်ပြသနေပြီဖြစ်ရာ မြန်မာ့အနုပညာမြတ်နိုးသူများအတွက် မြန်မာ့အနုပညာ သတင်းကောင်းကို ဖြန့်ဝေလိုက်ရပါကြောင်း။ ။ **(မြန်မာ့အလင်း)**

မြန်မာ့ပန်းပုအနုပညာ ထုတ်ကုန်ပစ္စည်းများ ပြည်တွင်းပြည်ပ ဈေးကွက်များတွင် ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်ဝင်ရောက်နိုင်ရေး၊ တန်ဖိုးနည်း သစ်သားများကို အနုပညာ ထပ်ပေါင်းတန်ဖိုးဖြင့် မြင့်မားလာရေးနှင့် လေ့ခွက်ချည်းကျန် အလံမလဲဟူသည့် မြန်မာတို့၏စိတ်ဓာတ်ကို ပြသနိုင်ရေးစသော ရည်ရွယ်ချက်များဖြင့် နာဂစ်လွန် မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော် ဖွင့်ပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံပလာဇာ၌ ဧပြီ ၃ရက် မွန်းလွဲ ၂နာရီက ကျင်းပခဲ့။

အသိပညာတိုးပွားရေး ကျေးရွာစာကြည့်တိုက်များ တိုးမြှင့်ထူထောင်

လယ်တွင်းသားစောချစ်

ရောင်ခြည်ဦးစာကြည့်တိုက်သည် ဒီပဲယင်းမြို့နယ် မန်ကျည်းစောက်ရွာ၌ ရှိသည်။ မန်ကျည်းစောက်ရွာသည် မုံရွာမြို့မှ ၄၃မိုင်ဝေးကွာ၍ မုံရွာနှင့်ရေဦး ကားလမ်းပေါ်မှာရှိသည်။ အိမ်ခြေ ၂၂၀ခန့်ရှိ၍ ရွာသူရွာသားများမှာ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးကြသည်။

ထိုရွာကလေးတွင် စာကြည့်တိုက်ဖြစ်ပေါ်လာပုံက စိတ်ဝင်စားစရာ။ ရန်ကုန်မြို့မှ ဇေယျကျော်ထင်ဘွဲ့ရ ဗိုလ်မှူးမျိုးတင့် (အငြိမ်းစား)သည် ရေရှားသော ဒေသမှာ ရေဒါနပြုရန် အဝီစိတွင်းလှူလိုသောဆန္ဒရှိသည်။ မော်လမြိုင် ဝဲပုံ့ဆရာတော်ကြီး၏ မိန့်ကြားချက်အရ မန်ကျည်းစောက်ရွာမှာ အဝီစိတွင်း တူးလှူသည်။ အဝီစိတွင်း တူးပြီးသော်လည်း ရေမရ၍ အသက် ၈၀ အရွယ်နှင့် ကိုယ်တိုင်လိုက်သွားသည်။ ကိုယ်တိုင်စီမံဆောင်ရွက်သောအခါ ရေများရရှိ၍ ရွာမှာ ရေဖောဖောသီသီ သောက်သုံးခွင့်ရကြသည်။

ဦးမျိုးတင့်ကို တစ်ရွာလုံးက ဘဘကြီးဟု ချစ်ခင်စွာ ခေါ်ကြသည်။ ရေကောင်းစွာရရေးအတွက် ဦးမျိုးတင့် ရွာမှာ ရက်အတန်ကြာနေလိုက်ရသောကြောင့် ရွာနှင့်ရင်းနှီးသွားသည်။ ရှေးရေစက်ရှိ၍ ထင်ပါ၏၊ မော်လမြိုင်ဇာတိဖြစ်ပါလျက် မန်ကျည်းစောက်ရွာကို သူ့ဇာတိဟု ထင်သွားသည်။ ရွာသူရွာသားတို့ ဆင်းရဲကြသည်ကို စီးပွားရေးမြှင့်တင်ပေးချင်သည်။ စီးပွားရေးမြှင့်တင်ပေးဖို့ဆိုလျှင် အသိဉာဏ်မြင့်အောင် မြှင့်ရမည်။

အသိဉာဏ်ပညာ မြင့်ရန်ဆိုလျှင် စာများများဖတ်ရမည်။ စာများများဖတ်နိုင်ကြရန် စာကြည့်တိုက်လုပ်ပေးရမည်။ မန်ကျည်းစောက်ရွာမှာ စာကြည့်တိုက် ကောင်းကောင်းလုပ်ပေးရန် ဘဘကြီးဦးမျိုးတင့် ဆုံးဖြတ်လိုက်သည်။

ရွာမှ လူငယ်၅၀ခန့်ကိုလည်း သူ့မိတ်ဆွေများ၏အကူအညီဖြင့် မလေးရှားနိုင်ငံမှာ အလုပ်ရရန် တရားဝင်ပို့ပေးခဲ့သည်။ ကလေးများအလုပ်ရ အဆင်ပြေ၍ မိဘများလည်း အဆင်ပြေကြသည်။

စာကြည့်တိုက်လုပ်သောအခါ ဘဘကြီးက ငွေကျပ်ခုနစ်သိန်း မတည်သည်။ ဘဘကြီး၏ဆွေမျိုးမိတ်သင်္ဂဟတို့က ငွေကျပ်၁၀သိန်း လှူဒါန်းကြသည်။ ရွာမှ လုပ်အား အလှူထည့်ဝင်ကြသည်။ ဘဘကြီးဦးမျိုးတင့်က မလေးရှားမှာ အလုပ်လုပ်နေကြသည့် လူငယ်များကို ရွာတိုးတက်ရေးအတွက် စာကြည့်တိုက်မှာ အလှူငွေ ကျပ်ငါးသောင်းစီ လှူဒါန်းကြရန် အကြောင်းကြားစာရေးသည်။ လူငယ်များက ကျပ် ၁၆သိန်း ပါဝင်လှူဒါန်းကြသည်။

စာကြည့်တိုက်ကို အာရ်စီ၊ သွပ်မိုးနှင့် ကျယ်ကျယ်ဆောက်ထားသည်။ ကလေးများစာကြည့်ရန်နေရာ၊ စာပေစကားဝိုင်းဆွေးနွေးရန် နေရာနှင့် စာအုပ်များထားသော နေရာစနစ်တကျရှိသည်။ စာအုပ်များကို ဗီရိုကြီးများဖြင့် ထည့်ထားသည်။ ဗီရိုကြီးများကို ဘဘကြီး၏ မိတ်ဆွေများက လှူဒါန်းကြသည်။

စာကြည့်တိုက်အဆောက်အအုံ၏ တန်ဖိုးမှာ ကျပ် ၉၃သိန်း ဖြစ်သည်။ စာကြည့်တိုက်တွင် စာအုပ်ပေါင်း ၃၀၀၀ ကျော်ရှိသည်။ ဝိုင်းဝန်းလှူဒါန်းကြသည့် စာအုပ်များအပြင် ရှိသင့်သော စာအုပ်များကိုလည်း စာကြည့်တိုက်ရန်ပုံငွေမှ ဝယ်ယူထားရှိသည်။

စာကြည့်တိုက်စောင့်ရှောက်ခြင်း၊ စာအုပ်ငှားခြင်း၊ စာအုပ်များ ထိန်းသိမ်းခြင်း စနစ်တကျရှိစေရန်အတွက် ဝန်ထမ်းတစ်ဦးကိုလည်း ခန့်ထားသည်။ စာကြည့်တိုက်ကြီးကြပ်ရေးကော်မတီကိုလည်း ဖွဲ့စည်းထားသည်။

စာကြည့်တိုက် စဉ်ဆက်မပြတ်ရပ်တည်ရှင်သန်ရေးအတွက် ငွေပဒေသာပင်ရှိရန်လို၍ ဘဘကြီးဦးမျိုးတင့်နှင့် စေတနာရှင် ဆွေမျိုးမိတ်သင်္ဂဟများကပင် စုပေါင်း၍ ငွေကျပ်ငါးသိန်း မတည်ပေးကြသည်။ ယခုအခါတွင် ငွေပဒေသာပင်မှာ ကျပ်ခုနစ်သိန်းကျော် ရှိသွားပြီဖြစ်သည်။

စာကြည့်တိုက်ဖြစ်မြောက်ရေးနှင့် ရှင်သန်တိုးတက်ရေးအတွက် ဘဘကြီးဦးမျိုးတင့်ကို အကောင်းဆုံး အထောက်အကူပေးသူမှာ မန်ကျည်းစောက်ရွာသား ဦးကျော်မောင်ဖြစ်သည်။ စာကြည့်တိုက်၏ အတွင်းရေးမှူးလည်း ဖြစ်သည်။

"သူကူညီလို့၊ သူကြိုးစားပေးလို့လဲ ကျွန်တော် ဒီစာကြည့်တိုက်ကို အခုလို အကောင်အထည်ပေါ်အောင်လုပ်နိုင်တာပါ"ဟု ဦးကျော်မောင်ကို ဘဘကြီးက ချီးကျူးပါသည်။

စာကြည့်တိုက် ပြည့်စုံစွာ အကောင်အထည်ပေါ်သောအခါ ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၁၃ရက် နံနက်ပိုင်းမှာ မန်ကျည်းစောက်ရွာ 'ရောင်ခြည်ဦးစာကြည့်တိုက်' ကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် လာရောက်ဖွင့်လှစ်ပေးပါသည်။ စာအုပ်များလည်း လှူဒါန်းသည်။ မန်ကျည်းစောက်ရွာအတွက် ရောင်ခြည်ဦး အလင်းကို ရရှိလေပြီ။

ရောင်ခြည်ဦးစာကြည့်တိုက်မှ သုတရသအဖြာဖြာသော စာအုပ်စာပေများကို ဖတ်ခြင်းဖြင့် အသိအလိမ္မာ ဉာဏ်ပညာအမြင် အလင်းရရှိကြမည် ဖြစ်ပါသည်။ နေ့လယ်ပိုင်းတွင် စာပေဟောပြောပွဲပြုလုပ်သည်။ ဘုန်းကြီးကျောင်းဝင်းထဲမှာ မဏ္ဍပ်ဆောက် စင်ထိုးပြီးဟောပြောရခြင်းဖြစ်သည်။ ယခင်ကတစ်ခါမျှမလုပ်ဖူးသော်လည်း မဏ္ဍပ်အပြည့်သာမက ကျောင်းအောက်အထိ လူများစွာလာရောက်နားထောင်ကြသည်။

ချစ်နိုင် (စိတ်ပညာ)က 'လူဖြစ်ရသောရည်ရွယ်ချက်' ကို ဟောပြောသည်။ လူဖြစ်ရသည်မှာ လောကကောင်းကျိုးသယ်ပိုးရန်၊ မိဘဆွေမျိုး၊ ကိုယ့်လူမျိုးကောင်းကျိုးသယ်ပိုးရန်၊ မိမိကောင်းကျိုးအတွက် မိမိကိုယ်ကို မြှင့်တင်ရန်ဟူ၍ ဖြစ်သည်။

အများကောင်းကျိုးအတွက် ရည်ရွယ်ချက်မပါသော မိမိကိုယ်ကို မြှင့်တင်ခြင်းသည် အတ္တလွန်ကဲမှုကို ဖြစ်စေကြောင်း၊ အများအတွက်ဖြစ်သော လောကကောင်းကျိုးမပါသည့် မိဘဆွေမျိုးအကျိုးကိုသာဆောင်ရွက်ခြင်းသည် ကျဉ်းမြောင်းသောအမြင်ကို ဖြစ်စေကြောင်း၊ လောကကောင်းကျိုး၊ မိဘဆွေမျိုးတို့၏ကောင်းကျိုး၊ မိမိကောင်းကျိုးတို့ကို ဆက်စပ်ဆောင်ရွက်ခြင်းသည် လူဖြစ်ရသည့်ရည်ရွယ်ချက်ဖြစ်ကြောင်းကို ရယ်စရာဖြစ်ရပ်များ၊ စိတ်ဝင်စားဖွယ်ဇာတ်လမ်းများဖြင့် ပမာပြုပြောကြားသည်။ ရယ်စရာရှိလျှင် ရယ်လိုက်ကြ၊ ပြုံးစရာရှိလျှင် ပြုံးလိုက်ကြ၊ သနားစရာရှိလျှင် သနားကြနှင့် စိတ်ဝင်စားစွာ နားထောင်ကြသည်။

မုံရွာမြို့မှ စာရေးဆရာဦးအံ့မောင်ကလည်း မြန်မာစာပေသမိုင်းကို အခြေပြု၍ ပုဂံခေတ်မှသည် မျက်မှောက်ခေတ်အထိ ကဗျာများကို ရှင်းလင်းပြောကြားသည်။ သူကိုယ်တိုင်ရေးသည့် သူ့သားအကြောင်းကဗျာကို ရွတ်ဆိုပြသောအခါ နားထောင်သူများ စိတ်ဝင်စားကြသည်။

စာရေးသူက နောက်ဆုံး ဟောပြောသည်။ စာကြည့်တိုက်ရှိပြီမို့ စာဖတ်ကြရန်လိုကြောင်း၊ စာအများကြီးဖတ်သူသည် အသိအလိမ္မာ ဉာဏ်ပညာကြီးမြင့်ကြောင်း၊ စာရေးသူကိုယ်တိုင် ငယ်စဉ်က သိမ်ငယ်စရာ အကြောင်းများစွာတို့ကြောင့် သိမ်ငယ်ခဲ့ကြောင်း၊ သိမ်ငယ်လျှင် နိမ့်ကျသောစိတ်ရှိ၍ လူကို ညှဲ့စေ ဖျင်းစေကြောင်း၊ နောင်တွင်မှ ပီမိုးနင်း၏စာအုပ်များကိုဖတ်၍ စိတ်အားတက်ကြွ အောင်စိတ်ရပြီး ဆယ်တန်းအောင်ခဲ့ကြောင်း။

သိမ်ငယ်စိတ်သည် နိမ့်စိတ်၊ ညှဲ့စိတ်၊ ကျစိတ်၊ ရှုံးစိတ်ကို ဖြစ်စေ၍ ရှောင်ကြဉ်ရန်လိုကြောင်း၊ အောင်စိတ်မွေး ကြိုးစားခြင်းဖြင့် အောင်မြင်နိုင်ကြောင်း ဖြစ်ရပ်များနှင့် ထင်ဟပ်ပြောကြားသည်။

မန်ကျည်းစောက်ရွာ ရောင်ခြည်ဦးစာကြည့်တိုက်၏ ပထမဆုံးစာပေဟောပြောပွဲကို ရွာသူရွာသားများ ပြီးဆုံးသည်အထိ စိတ်ဝင်စားစွာ နားထောင်ခြင်းကြောင့် အောင်မြင်သည်ဟုဆိုရပါမည်။ ဘဘကြီးနှင့် ရွာသူရွာသားများ ဝမ်းသာအားတက် ဖြစ်ကြသည်။ လာမည့်နှစ်မှာလည်း မပျက်မကွက် ပြုလုပ်မည်၊ လာရောက်ဟောပြောပေးပါဟု ပြောကြသည်။

ယခု၂၀၀၉ခုနှစ်တွင် မန်ကျည်းစောက်ရွာ ရောင်ခြည်ဦးစာကြည့်တိုက်ကို အကြောင်းပြု၍ မုံရွာမြို့၊ ဒီပဲယင်းမြို့၊ မလဲသာရွာ၊ ခရောင်းရွာ၊ ဖုတ်ထန်းရွာ၊ မင်းဆွေနှစ်ရွာ၊ စိုင်ပြင်ရွာ၊ ကျောက်မှော်ရွာ၊ မန်ကျည်းစောက်ရွာတို့မှာ ချစ်နိုင်(စိတ်ပညာ)၊ ချစ်ဦးညိုနှင့် စာရေးသူတို့ ဟောပြောကြသည်။

မန်ကျည်းစောက်ရွာ ရောင်ခြည်ဦးစာကြည့်တိုက်သို့ ယခုနှစ်ရောက်သွားသောအခါ တစ်နှစ်အတွင်း များစွာတိုးတက်နေသည်။ စာအုပ်အရေအတွက်မှာလည်း ၃၅၀၀ခန့်အထိ တိုးတက်လာသည်။ နေ့စဉ် စာဖတ်သူ၊ စာအုပ်ငှားသူစာရင်းမှာလည်း များစွာတိုးတက်နေသည်။ လပြည့်နေ့တိုင်း စာပေစကားဝိုင်းရှိသည်။ ဖတ်သင့်သော စာအုပ်များကို ခွဲဝေဖတ်ပြီး ဖတ်သူက ဦးဆောင်ဆွေးနွေးသည်။ ဖတ်ထားသည်များကို ရှင်းပြသည်။ ကျန်သူများက ဝိုင်းဝန်းမေးမြန်း ဆွေးနွေးကြသည်။

ယခုနှစ် ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် မန်ကျည်းစောက်ရွာမှာ ဒုတိယအကြိမ်စာပေဟောပြောပွဲကျင်းပသည်။ ချစ်နိုင်(စိတ်ပညာ)၊ ချစ်ဦးညိုနှင့် စာရေးသူတို့ဟောပြောကြသည်။ နားထောင်သူမှာ မနှစ်ကထက် နှစ်ဆခန့်များသည်။ ပို၍လည်း စိတ်ဝင်စားစွာ နားထောင်တတ်လာကြသည်။

ညတွင် မန်ကျည်းစောက်ရွာ ရောင်ခြည်ဦးစာကြည့်တိုက်တွင် စာပေစကားဝိုင်း ကျင်းပသည်။ လူငယ်များ တာဝန်ခွဲဝေ ပြောဆိုကြသည်ကို သွားရောက်နားထောင်အမှတ်ပေးကြရသည်။ ၁၄နှစ်၊ ၁၅နှစ်၊ ၁၆နှစ်အရွယ် ကျောင်းသူ၊ ကျောင်းသားလေးများဖြစ်သည်။ သူတို့ ဖတ်ထားသည်များကို ကောင်းစွာ ရှင်းလင်းပြောနိုင်ကြသည်။ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများ ရွေးပေးရသည်။ ဆုရသူများကို ဘဘကြီးဦးမျိုးတင့်နှင့်ဇနီး အန်တီဝင်းတို့က ဆုများပေးကြသည်။

ကလေးများကို စာဖတ်အား မြှင့်တင်ပေးရုံမက စာပေဆွေးနွေးနိုင်မှုကိုပါ ကောင်းလာအောင် ဆောင်ရွက်နိုင်ခြင်းဖြစ်သည်။

ကျွန်တော့်စိတ်ထဲတွင် မန်ကျည်းစောက်ရွာနှင့် ရောင်ခြည်ဦးစာကြည့်တိုက်၏ တိုးတက်အောင်မြင်မှုကို အားကျဂုဏ်ယူမိသည်။ အသက် ၈၁နှစ်ရှိပြီဖြစ်သော ဘဘကြီးဦးမျိုးတင့်ကိုလည်း ကျေးဇူးတင် လေးစားမိသည်။သူသည် ကျွန်တော်တို့ထက် ရက်များစွာစောပြီး မန်ကျည်းစောက်ရွာသို့ သွားနှင့်၍ စာပေဟောပြောပွဲများဖြစ်အောင် စီစဉ်ဆောင်ရွက်ထားသည်။

ဘဘကြီးလို စေတနာရှင်တွေ အများကြီးပေါ်ထွက်၍ မန်ကျည်းစောက်ရွာ ရောင်ခြည်ဦးစာကြည့်တိုက်ကဲ့သို့ ရွာတိုင်းမှာ စာကြည့်တိုက်ရှိရေး၊ စာဖတ်ရှိန် မြင့်မားရေး၊ အသိပညာတိုးတက်ရေး၊ ပြောဆိုနိုင်စွမ်း ကောင်းမွန်ရေးတို့ကို ဆောင်ရွက်နိုင်မည်ဆိုပါက ကျွန်တော်တို့နိုင်ငံ လျင်မြန်စွာ တိုးတက်ပေလိမ့်မည်ဟု ဝမ်းသာအားတက် ဖြစ်မိရပါသည်။ ။

ရောင်ခြည်ဦး စာကြည့်တိုက်အဆောက်အအုံ၏ တန်ဖိုးမှာ ကျပ်၉၃သိန်း ဖြစ်၊ စာကြည့်တိုက်တွင် စာအုပ်ပေါင်း ၃၀၀၀ကျော်ရှိ၊ ဝိုင်းဝန်းလှူဒါန်းကြသည့် စာအုပ်များအပြင် ရှိသင့်သော စာအုပ်များကိုလည်း စာကြည့်တိုက်ရန်ပုံငွေမှ ဝယ်ယူထားရှိ။

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်
နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၃

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ (၁၈)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို မတ် ၃၁ ရက် မွန်းလွဲ၂နာရီက နေပြည်တော်ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဖတ်ကြားတင်သွင်း

ရှေးဦးစွာ သဘာပတိ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး **(ယာပုံ)** အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်က အသင်းချုပ် အလုပ်အမှုဆောင်အဖွဲ့၏ ၂၀၀၈-၂၀၀၉ခုနှစ်အတွက် နှစ်ပတ်လည် အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်း ရှင်းတမ်းကို ဖတ်ကြားတင်သွင်းကာ အတည်ပြုချက်ရယူသည်။ ဆက်လက်၍ သင်းဖွဲ့စည်းမျဉ်းပြင်ဆင်ခြင်းကို တင်သွင်း၍ အတည်ပြုချက်ရယူသည်။

ထို့နောက် ကုန်သည်/စက်မှုအသင်းချုပ်၏ ၂၀၀၉-၂၀၁၀ခုနှစ်နှင့် ၂၀၁၀-၂၀၁၁ ခုနှစ်တို့အတွက် အကြံပေးပုဂ္ဂိုလ်များ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ ရွေးချယ်တာဝန်ပေးအပ်သည့် အမိန့်ကြော်ငြာစာများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဦးအောင်နိုင်ဦးက ဖတ်ကြားကြေညာသည်။

တာဝန်ပေး

အသစ်ရွေးချယ်တာဝန်ပေးအပ်သော အသင်းချုပ်အမှုဆောင်အဖွဲ့တွင် အကြံပေးပုဂ္ဂိုလ်လေးဦး၊ ဥက္ကဋ္ဌဦးဝင်းမြင့်နှင့် အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေးတို့ပါဝင်သော ဗဟိုအလုပ်အမှုဆောင် ၄၀ နှင့် အလုပ်အမှုဆောင် ၆၆ ဦးတို့ ပါဝင်ကြသည်။

ထို့နောက် သဘာပတိ အသင်းချုပ်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အောင်ပွဲရမြန်မာ့လက်ရွေးစင် မြားပစ်အားကစားသမားများအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဧပြီ ၃

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၉ရက်မှ ၁၄ရက်အထိ ကျင်းပခဲ့သော ပထမအကြိမ် အာရှ Open Compound မြားပစ်ပြိုင်ပွဲနှင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ယခုနှစ် ဖေဖော်ဝါရီ ၁၈ရက်မှ ၂၄ရက်အထိ ကျင်းပခဲ့သော ပထမအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲတို့တွင် အောင်မြင်မှု ဆုတံဆိပ်များရရှိခဲ့သော အောင်ပွဲရမြန်မာ့လက်ရွေးစင် မြားပစ်အားကစားသမားများအား ဂုဏ်ပြုပွဲကို ယနေ့ ည ၇နာရီက ကျိုက္ကဆံအမှတ် (၅) ဂိတ်ရှိ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် မြက်ခင်းပြင်တွင် ကျင်းပသည်။

လုပ်ငန်းစဉ်

ရှေးဦးစွာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ယင်းနောက် အာရှမြားပစ်အဖွဲ့ချုပ်ကောင်စီဝင် အရှေ့တောင်အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက မြန်မာ့လက်ရွေးစင်မြားပစ်အဖွဲ့၏ အောင်မြင်မှုရရှိရေး ဆောင်ရွက်နေသည့် ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် အောင်ပွဲရ မြားပစ်အားကစားသမားများအား မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်မှ ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေများကိုပေးအပ်ရာ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးသိန်းအောင်က အာရှ Open Compound မြားပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ရအမျိုးသမီးအသင်းအား ကျပ် တစ်သိန်းငါးသောင်း၊ အာရှပတ်လည်ပြိုင်ပွဲတွင် ကြေးတံဆိပ်ရ အမျိုးသမီး Compound အသင်းအား ကျပ်ငါးသောင်းကို လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက အာရှ Open Compound ပြိုင်ပွဲတွင် ရွှေတစ်ခု၊ ငွေတစ်ခုရ လှလှစံအား ကျပ်တစ်သိန်းငါးသောင်း၊ အာရှ Open Compound ပြိုင်ပွဲတွင် ရွှေတစ်ခု၊ ငွေတစ်ခုနှင့် အာရှပတ်လည်ပြိုင်ပွဲတွင် ငွေတစ်ခုရ အောင်ငိုမ်းအား ကျပ်နှစ်သိန်းကို လည်းကောင်း၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အာရှ Open Compound ပြိုင်ပွဲတွင် ငွေတစ်ခုရ အမျိုးသားအသင်းအား ကျပ်ခုနစ်သောင်းငါးထောင်၊ အာရှ Open Compound ရွှေနှစ်ခု၊ အာရှပတ်လည်ပြိုင်ပွဲတွင် ငွေတစ်ခုရ ရဲမင်းဆွေကို ကျပ်နှစ်သိန်းငါးသောင်း၊ အဆိုပါပြိုင်ပွဲနှစ်ခုတွင် အုပ်ချုပ်သူနည်းပြအဖြစ် ဆောင်ရွက်ခဲ့သူ ၁၀ ဦးကိုယ်စား မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အမှုဆောင် ပညာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးဦးဝင်းကိုအား ကျပ်နှစ်သိန်းငါးသောင်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

(အပေါ်ယာပုံ)

ဆက်လက်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီမှ ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ရန် မြန်မာနိုင်ငံအိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ရွှေတစ်ခု၊ ကြေးတစ်ခုရ အမျိုးသမီး Compound အသင်းအား ကျပ်နှစ်သိန်းကို လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေးက ရွှေတစ်ခု၊ ငွေနှစ်ခုရ အောင်ငိုမ်းအား ကျပ်နှစ်သိန်း၊ ရွှေတစ်ခု၊ ငွေတစ်ခုရ လှလှစံအား ကျပ်တစ်သိန်းငါးသောင်းကိုလည်းကောင်း၊ အောင်ပွဲရ မြန်မာမြားပစ်အားကစားသမားများအား အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ ချီးမြှင့်သည့် ကျပ်ငါးသိန်းကို လည်းကောင်း၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ငွေတစ်ခုရအမျိုးသား Compound အသင်းအား ကျပ်ခုနစ်သောင်းငါးထောင်၊ ရွှေနှစ်ခု၊ ငွေတစ်ခုရ ရဲမင်းဆွေအား ကျပ်နှစ်သိန်းငါးသောင်း၊ အုပ်ချုပ်သူနည်းပြအဖွဲ့အား ကျပ်နှစ်သိန်းငါးသောင်းတို့ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ရွှေနှစ်ခု၊ ငွေနှစ်ခုရ နိုင်ငံဂုဏ်ဆောင် မြားပစ်အားကစားသမား ရဲမင်းဆွေက ကျေးဇူးတင်စကားပြောကြားသည်။

နိုင်ငံဂုဏ်ဆောင်

အောင်ပွဲရ မြန်မာမြားပစ်အားကစားသမားများကို မြန်မာနိုင်ငံအိုလံပစ် ကော်မတီမှ ကျပ် ၁၁၂၅၀၀၀၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ ကျပ်ငါးသိန်း၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်မှ ကျပ် ၁၁၂၅၀၀၀တို့ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ မြန်မာမြားပစ်အားကစားအဖွဲ့မှာ အာရှ Open Compound ပြိုင်ပွဲတွင် ရွှေငါးခု၊ ငွေ သုံးခု၊ အာရှပတ်လည်မြားပစ်ပြိုင်ပွဲတွင် ငွေနှစ်ခု၊ ကြေးတစ်ခုတို့ ဆွတ်ခူးရရှိပြီး နိုင်ငံဂုဏ်ဆောင် နိုင်ခဲ့သည်။

(မြန်မာ့အလင်း)

မလေးရှားနိုင်ငံမှ ဘောလုံးချစ်ကြည်ရေးအဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် ဧပြီ ၃

မြန်မာနိုင်ငံသို့ ဘောလုံးချစ်ကြည်ရေးခရီးစဉ် လည်ပတ်ရန်နှင့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ကျင်းပရေးအတွက် စီစဉ်ဆောင်ရွက်နေမှုများကိုလေ့လာရန် ရန်ကုန်မြို့တွင် ရောက်ရှိနေသော မလေးရှားနိုင်ငံ Pahan ပြည်နယ် အိမ်ရှေ့မင်းသား HRH Prince Abdullah Ibni Sulton Ahmad Shah ဦးဆောင်သောအဖွဲ့နှင့် ဘာရိန်းနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ Shaikh Salmam Bin Ebrahim Bin Hamad Al-Khalifa ဦးဆောင်သည့်ဘောလုံး ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နေ့လယ်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သည်။ **(အပေါ်ပုံ)**

(မြန်မာ့အလင်း)

ရန်ကုန်စီးပွားရေးလမ်းညွှန် (၂၀၀၉)စာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၃

နှစ်စဉ်ထုတ်ဝေလျက်ရှိသော ရန်ကုန်စီးပွားရေး လမ်းညွှန် (Yangon Business Directory)စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

ယင်းစာအုပ်တွင် ရန်ကုန်အပါအဝင် နေပြည်တော်ပျဉ်းမနား၊ တောင်ငူ၊ ပြည်၊ အောင်လံ၊ ပဲခူး၊ ဘားအံ၊ မော်လမြိုင်၊ ထားဝယ်၊ မြိတ်၊ စစ်တွေ၊ ပုသိမ်၊ မအူပင်မြို့များနှင့် ယင်းမြို့များနှင့် ဆက်စပ်လျက်ရှိသောမြို့များအပါအဝင် မြန်မာပြည်အောက်ပိုင်း မြို့ပေါင်း ၂၉မြို့တို့၏ စီးပွားရေးလုပ်ငန်း လိပ်စာအချက်အလက်များ၊ ဖုန်းနံပါတ်များနှင့် စီးပွားရေးကြော်ငြာများကို အတွင်းရောင်စုံဖြင့် ရိုက်နှိပ်ဖော်ပြထားသည်။

ဝယ်ယူရရှိနိုင်

အဆိုပါစာအုပ်ကို အမှတ်၁၄၅ ၃၆လမ်း(လယ်)ကျောက်တံတားမြို့နယ် ဖုန်း-၂၅၃၂၉၅၊ ၂၅၀၁၂၁နှင့် အမှတ် ၄/၆၊ ၂၄-၂၅လမ်းကြား ၆၂-၆၃ လမ်းကြား မြစန္ဒာလမ်းသွယ် အောင်မြေသာစံမြို့နယ် မန္တလေးမြို့ ဖုန်း-၀၂-၇၂၂၀၀၊ ၀၂-၃၈၂၂၅ တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မတ် ၃၁ရက်က မူလတန်းကြိုကျောင်း အမှတ်(၁) ဗဟန်း ကျောင်းခန်းမဆောင်၌ ကျင်းပသော သားသားမီးမီးငယ်တို့၏ ကျောင်းဆင်းလက်မှတ်ပေးအပ်ပွဲနှင့် ပဒေသာကပွဲ အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းစိန်က မမြဟေမာအား ကျောင်းဆင်း လက်မှတ်ပေးအပ်စဉ်။ (၁၀၆)

ဒိုင်းဆုချီးမြှင့်

ဧပြီ ၂ရက်က ၂၀၀၉ခုနှစ် ပဉ္စမအကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလားနှင့် (၃၅)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းအမျိုးသား၊ အမျိုးသမီးရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲတွင် တံခွန်စိုက်(အကြီးတန်း)အမျိုးသားပြိုင်ပွဲတွင် ပထမဒိုင်းဆုရရှိသော ကာကွယ်ရေးအသင်းအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအထွေထွေ အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ဒိုင်းဆုချီးမြှင့်စဉ်။

(မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်)

မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် တန်ခူးလ မဟာသင်္ကြန်ပွဲတော်နှင့်စပ်လျဉ်း၍

ယဉ်ကျေးမှုဝန်ကြီးဌာန၏ နှိုးဆော်ချက်

မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် တန်ခူးလပြည့်ကျော် ၅ရက်မှ ၇ရက်နေ့သည် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့် မဟာသင်္ကြန်အခါတော်ဖြစ်ပါသည်။

ဤအခါသမယတွင် မြန်မာလူမျိုးတို့သည် သက်ကြီးဝါကြီးများအား ပူဇော် သက္ကာရပြုခြင်း၊ ရှင်ပြု ရဟန်းခံ အလှူမင်္ဂလာများ ကျင်းပခြင်းနှင့် တိရစ္ဆာန်များကို ဘေးမဲ့လွှတ်ခြင်းစသော မင်္ဂလာအမှုတို့ကို ပြုမြဲဖြစ်ပါသည်။

ထို့အပြင် နှစ်ဟောင်းတွင် အညစ်အကြေးများရှိခဲ့ပါက ဆေးကြောသန့်စင်သည့်အနေဖြင့် တစ်ဦးနှင့်တစ်ဦး ကြည်လင်သန့်ရှင်း မွှေးပျံ့သင်းသည့် နံ့သာရေများကို သပြေခက်ဖြင့် ပက်ဖျန်းကြသည့် ဓလေ့အစဉ်အလာလည်း ရှိပါသည်။

သို့သော် လူငယ်တို့ သဘာဝအပျော်လွန်ရာမှ ကြမ်းတမ်းစွာ ရေကစားခြင်းဖြင့် တစ်ဖက်သားကို အနာတရဖြစ်စေခြင်း၊ တစ်ဖက်သား မခံချင်အောင် နောက်ပြောင်မိခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ယာဉ်အန္တရာယ်ကျရောက်ခြင်းစသည့် အမင်္ဂလာများလည်း သက်ရောက်တတ်ပါသည်။

၁၃၇၀ပြည့်နှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို အောက်ပါရည်ရွယ်ချက်များနှင့်အညီ ကျင်းပသွားရန် ဖြစ်ပါသည်-

(က) ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းရန်၊
(ခ) ပြည်သူများ စိတ်ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်၊
(ဂ) ပြည်သူများသည် မိမိတို့ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်း လန်းဆန်းစေပြီး နိုင်ငံတော်၏ တာဝန်များကို နှစ်သစ်တွင် စွမ်းအားအပြည့်ဖြင့် ဆောင်ရွက်နိုင်ကြစေရန်၊
(ဃ) မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အနှစ်သာရများ၊ အမျိုးသားရေးစရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်တတ်ကြစေရန်။

သို့ပါ၍ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၏ မွန်မြတ်သော ရည်ရွယ်ချက်များကို မထိခိုက်စေရန်အတွက် အောက်ပါတို့ကို ရှောင်ကြဉ်ကြပါရန် နှိုးဆော်အပ်ပါသည်-

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ နေထိုင်မှု ပြုမူမှုများ၊
(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှု အဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူနှင့် ဝတ်စားဆင်ယင်မှုများ၊
(ဂ) သူတစ်ပါးအား ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေမည့် ကြမ်းတမ်းသည့် ရေကစားမှု၊ထိပါးနှောင့်ယှက်မှုများ၊
(ဃ) နိုင်ငံတော်အစိုးရ၏ ဂုဏ်သိက္ခာပျက်ပြားစေပြီး နိုင်ငံတော်အစိုးရအပေါ် အကြည်ညိုပျက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောဆိုခြင်း၊ သံချပ်ထိုးခြင်း၊ သီဆိုခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်းစသည့် အပြုအမူများ။

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ၌ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်

ရန်ကုန် ဧပြီ ၃

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။

ပျမ်းမျှအပူချိန်

နေ့အပူချိန်များမှာ ရှေ့ဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှ အပူချိန်တို့ထက် ၆ဒီဂရီစင်တီဂရိတ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့ ထက် ၃ဒီဂရီစင်တီ ဂရိတ်ပိုခဲ့ပြီး ရှမ်းပြည်နယ်နှင့် စစ်ကိုင်း တိုင်း အထက်ပိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှ အပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဧပြီလ၏ ပျမ်းမျှအပူချိန် ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့နှင့် သာယာဝတီမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ မြိတ်မြို့တွင် ၀ဒသမ ၀၄ လက်မ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

တိမ်အသင့်အတင့်

ဧပြီ ၄ရက် ညနေအထိ ခန့်မှန်းချက် မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာ ကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ဧပြီလ ဒုတိယရက်သတ္တပတ်ကုန် ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ လာမည့် သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းနှင့် မန္တလေး တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ညဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ်	၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ်	၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

စနူကာ အကြီးတန်းပြိုင်ပွဲ ကျင်းပပြီးစီး

ရန်ကုန် ဧပြီ ၃

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်နှင့် Internation Beverages Trading Co., Ltd.(IBTC) တို့မှ အဓိကကူညီ ပံ့ပိုးကျင်းပသည့် Grand Royal Special Reserve Snooker (အကြီးတန်း) Championship 2009 ပြိုင်ပွဲကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ ဒိုင်းမွန်း ဘိလိယက်နှင့် စနူကာစင်တာတွင် မတ် ၂၈ရက်မှ ဧပြီ ၂ရက်အထိကျင်းပခဲ့ရာ စနူကာ(အကြီးတန်း) Champion ဆုအတွက် ပထမဆုကို ရန်ကုန်မှ အားကစားသမား အာကာစိုးရင်ကလည်းကောင်း၊ ဒုတိယဆုကို မွန်ပြည်နယ်မှ အားကစားသမား ရဲဇော်ထွဋ်က လည်းကောင်း၊ တတိယဆုကို မန္တလေးမြို့မှ အားကစားသမား ဝင်းကိုကိုက လည်းကောင်း အသီးသီးဆွတ်ခူး ရရှိသွားသည်။

စခန်းသွင်းလေ့ကျင့်

စနူကာ(အကြီးတန်း)မှ ထွက်ပေါ်လာသော အားကစားသမားနှစ်ဦးအား(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် စခန်းသွင်းလေ့ကျင့်ထားမည်ဖြစ်ကြောင်းနှင့် ဘိလိယက် (အကြီးတန်း) Championship 2009 ပြိုင်ပွဲကို ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(အား/က)**

TMW Enterprise Ltd. က ကြီးမှူး၍ Sony Days Promotion 2009 ပွဲတော် ဆက်လက်နွှဲပျော်

ဈေးကွက်သတင်းမြင်ကွင်း - မောင်မောင်ထွေး (သတင်းစဉ်) ▬ ဓာတ်ပုံ-ခင်မောင်ဝင်း (ကြေးမုံ) ▬ စာမျက်နှာဖွဲ့စည်းမှု-သောင်းရွှေ (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၃

မြန်မာတို့၏ ရိုးရာနှစ်သစ်ကူးပွဲတော် အတာသင်္ကြန်ကာလ ကျရောက်ချိန် နီးကပ်လာချေပြီ။ နိုင်ငံတော်၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့တွင် မြန်မာ့ရိုးရာ နှစ်သစ်ကူးပွဲတော်နှင့်အတူ ပြည်တွင်းပြည်ပမှ ကုမ္ပဏီများသည် နှစ်သစ်ကူးဈေးရောင်းပွဲတော်များ၊ Promotion အရောင်းမြှင့်တင်ရေးပွဲတော်များကို မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပလျက်ရှိကြ သည်။

ပါဝင်ဆင်နွှဲ

အဆိုပါနှစ်သစ်ကူး Promotion ပွဲတော်များအနက် TMW Enterprise CO., Ltd. က ကြီးမှူး၍ " Sony Days Promotion 2009" ကို Sony Show Rooms များ ဖွင့်လှစ်ရုံး စိုက်ရာ ရန်ကုန်၊မန္တလေးနှင့် တောင်ကြီးမြို့များတွင် မတ်၁၈ရက်မှဧပြီ၉ရက်အထိ ပါဝင်ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

မိမိတို့သတင်းအဖွဲ့သည် အဆိုပါ ပွဲတော်တွင် ခင်းကျင်းပြသ ရောင်းချလျက်ရှိသည့် SONY အီလက်ထရွန်နစ် ပစ္စည်းများအကြောင်း တစေ့တစောင်းကို ဈေးကွက်သတင်းမြင်ကွင်း တစ်ရပ်အဖြစ် တင်ပြပေးရန် ရန်ကုန်မြို့ရှိ အဓိက အရောင်းမြှင့်တင်ရေး ပွဲတော်ကျင်းပရာ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်း အမှတ် ၁၇၃၊ ၁၇၅ရှိ Sony Show Room နှင့် ဗဟန်းမြို့နယ် ကမ္ဘာအေး ဘုရားလမ်း အမှတ် ၉၀(A/B)ရှိ Sony Show Room တို့သို့ သွားရောက်လေ့လာခဲ့ကြသည်။

အရောင်အသွေးစုံလင်

Sony Show Room သို့ လေ့လာစဉ်အတွင်း နောက်ဆုံးပေါ် Model များ ဖြစ်ကြသည့် ကြည်လင်လှပအရောင်အသွေး စုံလင်လှပြီး တန်ဖိုးအားဖြင့် ငွေကျပ် ငါးသိန်းမှ ခုနစ်သိန်းကြားရှိ KLV-32 T 400A, KLV-32 S 400A, KLV -32 V 400A,LCD TV များ Sony LCD ကမ္ဘာ့နံပါတ်တစ်ဟူသည့် ကြော်ငြာဆိုင်းဘုတ်များကို နတ်ကရာ ကြီးမော့ငေးကြည့်မိသည်။

လေ့လာတွေ့မြင်

အလားတူ New Model ဒစ်ဂျစ်တယ်ကင်မရာများ ဖြစ်ကြသည့် DSC-S 950, DSCW 210/220,DSC -T 700 အမျိုးအစား Model များကို တန်ဖိုးငွေကျပ် တစ်သိန်းကျော်နှင့် နှစ်သိန်းကျော်ဝန်းကျင်ဖြင့် လည်းကောင်း၊ အရောင်အသွေးစုံလင်မှုနှင့် ဆန်းသစ်သည့် Design များ ပါဝင်သော Video ကင်မရာများကို တန်ဖိုးငွေကျပ် သုံးသိန်းကျော်ဖြင့် လည်းကောင်း၊ LCD, TV နှင့် တွဲဖက်၍ အိမ်တွင်းဖျော်ဖြေမှုတွင် အသုံးပြုနိုင်သည့် Home Theatre များကိုလည်း တန်ဖိုးငွေကျပ် သုံးသိန်းကျော်နှင့် လေးသိန်းကျော်ဖြင့်လည်းကောင်း ခင်းကျင်းပြသရောင်းချ

Sony Days Promotion 2009 ကို မန္တလေးမြို့ရှိ Sony Show Room ၌ ကျင်းပရာ ပရိသတ်များ ကြည့်ရှု ဝယ်ယူအားပေးကြစဉ်။

ပေးလျက်ရှိသည်ကို လေ့လာတွေ့မြင်ခဲ့ရသည်။

အရောင်းခန်းမအတွင်း လှည့်လည်လေ့လာစဉ် TMW Enterprise Co., Ltd. မှ မစပယ်တင်နှင့် မလွင်လွင်မြတို့ကို လှမ်းမြင်တွေ့မိ၍ သိရှိလိုသည်များကို ဆက်လက်မေးမြန်းကြည့်ရာမှ ဈေးကွက်သတင်း၊ ဈေးကွက်မြင်ကွင်းမှ SONY အီလက်ထရွန်နစ် ဗဟုသုတစကားဝိုင်းအသွင်သို့ ရောက်ရှိသွားပါတော့သည်။

မစပယ်တင်နှင့် မလွင်လွင်မြတို့က "ဒီဘက်ခေတ်မှာ သုံးစွဲသူ အတော်များများက Home Entertainment ကို အတော်လေး စိတ်ဝင်စားလာကြပါတယ်။

တကယ့်ရုပ်ရှင်ရုံကြီးများမှာ ကြည့်ရှုနေရသလို အသံတွေကို ခံစားနားဆင်နိုင်လို့ပဲဖြစ်ပါတယ်။ Home Theatre ဆိုတာ အသံရော ရုပ်ပါ သဘာဝကျကြည်လင်ပီပြင်အောင် သူနဲ့လိုက်ဖက်မယ့် Home Audio System လိုအပ်ပါတယ်။

အထူးအဆင်ပြေ

အရင်တုန်းက ဒီလို ပြီးပြည့်စုံတဲ့ Home Audio System ဖြစ်အောင် ဖန်တီးနိုင်ဖို့ ရုပ်ရှင်ရုံထဲကအတိုင်း ခံစားနိုင်ဖို့အတွက် ငွေကြေးများစွာ ကုန်ကျမှာပါ။ ဒါ့အပြင် Audio Device တွေကို တစ်ခုချင်းစီ ဝယ်ယူရတဲ့အတွက် နည်းနည်း အလုပ်ပိုရှုပ်ပါတယ်။ အခုနောက်ပိုင်း All in One Solution Home Theatre တွေပေါ်ပေါက်လာတဲ့ အတွက်သုံးစွဲသူတွေ အထူးအဆင်ပြေပါတယ်"ဟု ရှင်းပြသည်။

ချက်ချင်းဖွင့်လှစ်

တစ်ဆက်တည်းမှာပင် "Sony Days Promotion 2009"မှာ နှစ်နဲ့ချီပြီးအားပေးခဲ့ကြတဲ့ SONY ပရိသတ်များအတွက် တန်ဖိုးကြီးမားတဲ့ မေတ္တာလက်ဆောင် ပစ္စည်းများကိုလဲ အထူး တုံ့ပြန်ချီးမြှင့်ပေးလျက် ရှိပါတယ်။ LCD, TV ဝယ်ယူသူ ပရိသတ်များကို တန်ဖိုးငွေကျပ်ခုနစ်သောင်းမှ သိန်းချီရှိတဲ့ DVD တွေ၊ Home Theatre အထိ တုံ့ပြန်ချီးမြှင့်ပေးနေသလို နောက်ဆုံးပေါ် Model ကင်မရာ ဝယ်သူတွေကိုတော့ 1G,2G memory Stick တွေ ကင်မရာအိတ်တွေ ချီးမြှင့်ပေးနေပါတယ်။ ဒါ့အပြင် လာရောက်ဝယ်ယူသူ ပရိသတ် အားလုံးကိုလဲ ဗလာမပါ တန်ဖိုးကြီး ကံစမ်းမဲများကို ချက်ချင်းဖွင့်လှစ် ချီးမြှင့် ပေးပါတယ်။ အခုပွဲတော်မှာ ၃၂လက်မ LCD တွေ ပိုပြီး လူကြိုက်များကြပါတယ်။

Sony Days Promotion 2009 က ဧပြီ ၉ရက်အထိ သတ်မှတ်ထားပေမယ့် Show Room ပိတ်ရက် ဧပြီ ၁၁ရက်အထိ ဆက်လက်ဖွင့်လှစ်ပေးသွားမှာ ဖြစ်ပါတယ်။ မဟာသင်္ကြန်ကာလမှာတော့ ဖျော်ဖြေရေး အစီအစဉ်အဖြစ် ဆီဒိုးနားဟိုတယ်ရှေ့က အင်းလျားကန်စောင်းမှာ TMW Enterprise Co.,Ltd.က T-Home ဖျော်ဖြေရေး ရေကစားမဏ္ဍပ် ဖွင့်လှစ်ပြီး ပရိသတ်တွေနဲ့အတူ ပျော်ရွှင်စွာ အပန်းဖြေနိုင်ဖို့ စီစဉ်နေပါတယ်"ဟု ရှင်းလင်း ပြောကြားခဲ့သည်။ ။

(သတင်းစဉ်)

Sony Days Promotion 2009 ကျင်းပရာ ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ Sony Show Room တွင် LCD တီဗွီများနှင့် အီလက်ထရွန်နစ်ပစ္စည်းများကို ပရိသတ်များ ကြည့်ရှုဝယ်ယူအားပေးကြစဉ်။

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

မန္တလေးတိုင်း ခြင်းလုံးအသင်းအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဧပြီ ၃

အားကစား ဝန်ကြီးဌာန တံခွန်စိုက်ခြင်းလုံးပြိုင်ပွဲတွင် ဒုတိယဆုများရရှိခဲ့ပြီး (၃၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ခြင်းလုံးပြိုင်ပွဲတွင် ပထမရ ဖိုလ်စွဲခဲ့သော နှစ်နှစ်ဆက်တိုက်ရ မန္တလေးတိုင်း အမျိုးသားခြင်းလုံးအသင်းနှင့် သုံးနှစ်ဆက်တိုက်ဖိုလ်စွဲ ဒိုင်းအပိုင်ရခဲ့သော မန္တလေးတိုင်း အမျိုးသမီး ခြင်းလုံးအသင်းတို့အား ဂုဏ်ပြု အခမ်းအနားကို ယနေ့နံနက် ၉နာရီက ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် လမ်း ၃၀ထောင့်ရှိ မန္တလေးအသင်းတိုက် ရတနာပုံ အနုပညာ ခန်းမဆောင်တွင် ကျင်းပသည်။

ရှေးဦးစွာ မန္တလေးအသင်း ဒုတိယဥက္ကဋ္ဌ အားကစားကော်မတီဥက္ကဋ္ဌ ဦးဖေသန်းက ဂုဏ်ပြုချီးကျူးစကား ပြောကြားပြီး ဂုဏ်ပြုငွေများ ပေးအပ်သည်။ ဆက်လက်၍ ပြည်နယ်နှင့်တိုင်းခြင်းလုံးပြိုင်ပွဲ တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုရ မန္တလေးတိုင်း (အမျိုးသား) မောင်မောင်မျိုး၊ (အမျိုးသမီး)မခိုင်ခိုင်တို့အား မန္တလေးအသင်းဥက္ကဋ္ဌ ဦးမြသောင်း (Jewel Hotel) **(အပေါ်ပုံ)**၊ ဒုတိယဥက္ကဋ္ဌ ဦးဖေသန်း (ပိဋကတ်တော်)နှင့် စေတနာရှင်များက ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။ ထို့နောက် မန္တလေးတိုင်း ခြင်းလုံးအသင်း(အမျိုးသမီး) အုပ်ချုပ်သူ ဒေါ်ခင်အေးမူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(မြန်မာ့အလင်း)**

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့နေ
ဦးတင်မောင်အေး(Asahi Shimbun Daily News)-ဒေါ်မြင့်မြင့်အေးတို့၏
တစ်ဦးတည်းသောသား အင်္ဂလန်နိုင်ငံ လန်ဒန်မြို့နေ

မောင်ရဲဝဏ္ဏအေး

B.E (Petroleum)
Post - Graduate Diploma in Hotel Management and Tourism
(S.H.M.S,Switzerland),Mastery Diploma in English (W.S.I,Switzerland)

နှင့်

ရန်ကုန်မြို့နေ
ဦးခင်မောင်မြင့် [ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ဝန်ထမ်းရေးရာဦးစီးဌာန]-
ဒေါက်တာ ဒေါ်ခင်သက်မြိုင်(ကလေးအထူးကု ဆရာဝန်ကြီး)တို့၏ တစ်ဦးတည်းသောသမီး

ဒေါက်တာ စုသီဂီမြင့်

M.B.,B.S(Ygn)
(Pre)Master of Public Health(Mahidol University, Thailand)

တို့သည် ၃၀-၃-၂၀၀၉ရက်တွင် ဗန်ကောက်မြို့ရှိ မြန်မာသံရုံး၌ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်သိမ်းနှင့် နှစ်ဖက်သော မိဘများ၏ ရှေ့မှောက်တွင် ထိမ်းမြားလက်ထပ် ပြီးစီးပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
မောင်ရဲဝဏ္ဏအေး-ဒေါက်တာ စုသီဂီမြင့်။

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်သိမ်း၊ ပထမအတွင်းဝန် ဦးသက်ထွန်း Mr. N. Shibata(Asian General Bureau Chief, Asahi Shimbun)၊ Baiyoke Hotel Group မှ Managing Director ဦး Robert သိန်းဖေနှင့် ဇနီး၊ Wedding Dress Designer Dr. Kanchana Phanusopone (Director,NGAMVILAI SCHOOL)၊ Royal Elizabeth International Photo Studio နှင့် Baiyoke Sky Hotel မှ ဝန်ထမ်းများအား အထူးကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
မောင်ရဲဝဏ္ဏအေး-ဒေါက်တာ စုသီဂီဝဏ္ဏအေး။

မင်္ဂလာ ဆုမွန်

ကိုဝဏ္ဏနှင့် စုစုတို့ရဲ့ ၃၀-၃-၂၀၀၉ရက် မင်္ဂလာရက်မြတ်မှသည် သက်ထက်ဆုံးတိုင် ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

မျိုးငယ် - ပုံ့ပုံ့၊
ယုကီ-ဆွိတီ။

မင်္ဂလာဆုမွန်ကောင်းတောင်းလွှာ

ညီလေးရဲဝဏ္ဏနှင့်ညီမလေး စုစုတို့ရဲ့ ၃၀-၃-၂၀၀၉ရက် မင်္ဂလာရက်မြတ်မှသည် သက်ဆုံးတိုင် ပျော်ရွှင်ပြီးပြည့်စုံသော ဘဝလမ်းခရီးကို တူယှဉ်လက်တွဲ လျှောက်လှမ်းနိုင်ပါစေလို့ ဆုမွန်တောင်းလျက်…

ကိုကြီး - မကျော့ - ဘစ်ဘစ်
ကိုလေး - မယမင်း - အောင်အောင်။

အများသိစေရန်

ကျွန်မ၏သားဖြစ်သူ မောင်ပြည့်ဟိန်းစိုး ၁၂/ဗဟန(နိုင်) ၀၉၄၀၅၁ သည် ကျွန်မ၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိ သဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ကျွန်မနှင့် မသက်ဆိုင်တော့ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

နောက်နောင် ငွေနှင့်ပတ်သက်သည့်ကိစ္စအဝဝကိုလည်း တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

မိခင်-ဒေါ်ခင်မျိုးသန့်
HBI-၀၀၂၈၈၇။



ကျေးဇူးဆပ်ပါမည်

ကျွန်မ ဒေါ်ဥမ္မာမြင့်၏ နိုင်ငံကူး လက်မှတ် အမှတ်-ဖဖ၉၄၅၈ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၅၀-၂၂၁၃၅။

အများသိစေရန်

ကျွန်တော် ကိုခင်မောင်ထွန်း (ကောင်းသစ္စာ-ရွှေပန်းထိမ်)၏ ဇနီး ဒေါ်မြင့်မြင့်ရွှေ ၁၁/ကဖန(နိုင်)၀၄၉၅၇၇သည် မိမိဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ငွေနှင့်ပတ်သက်၍ လုံးဝမသက်ဆိုင်ပါကြောင်း။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ကိုခင်မောင်ထွန်း ၁၁/ကဖန(နိုင်)၀၀၁၅၇၇
အမှတ်(၂၄)အောင်မင်္ဂလာလမ်း ကျောက်မြောင်း။

သင့်သွေးဖြင့် အသက်ကယ်ပါ

သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေး သဃ်န်းကျွန်းမြို့နယ်တွင် ဆောင်ရွက်

ရန်ကုန် ဧပြီ ၃

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ်တွင် ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ဧပြီ ၁ ရက် နံနက် ဖြနာရီခွဲက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် သဃ်န်းကျွန်းမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိလာပြီး တိုင်း၊ ခရိုင်မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေး အသင်းအဖွဲ့များအား သွေးလွန်တုပ်ကွေး ရောဂါကာကွယ်နှိမ်နင်းရေးနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။

ကာကွယ်ရေး

ဆက်လက်၍ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းကျန်းမာရေး ဦးစီးမှူး ဒေါက်တာ ဒေါ်စန္ဒာက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် C/M ရပ်ကွက် စံချိန်သစ်လမ်းနှင့် ဓမ္မာရုံလမ်းတို့၌ ကျန်းမာရေးဝန်ထမ်းများ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများပူးပေါင်း၍ ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ ရေစီးရေလာကောင်းမွန်ရေး ရေမြောင်းများဆယ်ယူရှင်းလင်းခြင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်မှုလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

(၁၂၁)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ဂူဟစ်ဒင့်ရဲ့ အနာဂတ်

မောင်မောင်မြင့်ဆွေ ရေးသားတင်ပြ၍ ⬭ သန်းအေး စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် ဧပြီ ၃

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲမှာ ရုရှားအသင်းခြေစစ်ပွဲမအောင်ခဲ့ရင်တော့ချယ်လ်ဆီးနည်းပြအဖြစ်နဲ့ပဲ တာဝန်ဆက်ယူမယ်လို့ ချယ်လ်ဆီးနည်းပြ ဂူဟစ်ဒင့် **(ယာပုံ)**က ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

လက်ရှိအနေအထားမှာ ဂူဟစ်ဒင့်ဟာ ရုရှားဘောလုံးအသင်းနည်းပြအဖြစ်ရော ချယ်လ်ဆီးနည်းပြတာဝန်ပါယူထားတာမို့ ဒီနှစ်ဘောလုံးရာသီကုန်ရင် ချယ်လ်ဆီးနည်းပြအဖြစ်က နုတ်ထွက်မယ်လို့ တရားဝင် ပြောဆိုထားသူလည်း ဖြစ်ပါတယ်။

တိုက်တွန်းထား

"ကျွန်တော့်ကို ချယ်လ်ဆီးနည်းပြအဖြစ်နဲ့ဆက်ပြီး တာဝန်ယူပေးဖို့ ချယ်လ်ဆီးပရိသတ်တွေက အကြံပြုစာတွေ အများကြီး ပေးပို့ထားပါတယ်။ ဒါပေမယ့် ရုရှားဘောလုံးပရိသတ်တွေကလည်း ရုရှားအသင်းနည်းပြအဖြစ်ပဲ တာဝန်ယူသွားဖို့ တိုက်တွန်းထားတာတွေ ရှိနေတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ရုရှားအသင်း ၂၀၁၀ခြေစစ်ပွဲမအောင်ရင်တော့ ချယ်လ်ဆီးနည်းပြတာဝန်ပဲယူတော့မယ်လို့ ပြောကြားခြင်းဖြစ်ပါတယ်"လို့ ဂူဟစ်ဒင့်က သတင်းထောက်တွေကို ပြောကြားခဲ့ပါတယ်။

"ဒါကလည်း ရုရှားဘောလုံးအဖွဲ့ချုပ်က တာဝန်ရှိသူတွေအနေနဲ့ ကျွန်တော်နဲ့ပတ်သက်ပြီး စိတ်ဒွိဟ ဖြစ်နေမှုကို ရှင်းလင်းသွားစေမှာပါ။ နောက်ပြီး ရုရှားအသင်းအတွက် နောက်ထပ်နည်းပြတစ်ဦး ရှာဖွေဖို့ ဆုံးဖြတ်နိုင်မှာ ဖြစ်ပါတယ်"လို့ ဂူဟစ်ဒင့်က ဆက်လက်ပြောကြားလိုက်ပါတယ်။

စည်းရုံးနိုင်ခဲ့

ဂူဟစ်ဒင့်ဟာ ချယ်လ်ဆီးနည်းပြအဖြစ် တာဝန်ယူပြီးနောက် ယနေ့အထိ စုစုပေါင်း ခုနစ်ပွဲ ကစားပြီးတဲ့အချိန်မှာ ရလဒ်တွေကောင်းအောင် ကြိုးစားနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ဂူဟစ်ဒင့်ဟာ ချယ်လ်ဆီးဘောလုံးသမားတွေကို အချိန်တိုအတွင်းမှာ စည်းရုံးနိုင်ခဲ့သူဖြစ်ပြီး ချယ်လ်ဆီးဘောလုံးသမားတွေရဲ့ လေးစားချစ်ခင်မှုကိုပါ ရယူနိုင်ခဲ့တဲ့သူ ဖြစ်ပါတယ်။

စွမ်းဆောင်ပေး

လောလောဆယ်မှာ ဂူဟစ်ဒင့်ရဲ့ စွမ်းဆောင်မှုကြောင့် ပရီမီယာလိဂ် တန်းစီဇယားမှာ ထိပ်ဆုံးကမန်ယူနဲ့ လေးမှတ်သာကွာခြားပြီး တတိယနေရာမှာ ရပ်တည်နေပါတယ်။ ဒါ့အပြင် ချန်ပီယံလိဂ်မှာလည်း ချယ်လ်ဆီးအသင်းကို ကွာတားဖိုင်နယ်အထိရောက်အောင် ပို့ဆောင်ပေးထားနိုင်ပြီဖြစ်သလို အက်ဖ်အေဖလားပြိုင်ပွဲမှာလည်း အကြိုဗိုလ်လုပွဲအထိရောက်ရှိအောင် စွမ်းဆောင်ပေးထားပါတယ်။

ဒါ့ကြောင့် ချယ်လ်ဆီးကလပ်ပိုင်ရှင် အေဗရာမိုဗစ်ချ်က ဂူဟစ်ဒင့်ကို ချယ်လ်ဆီးနည်းပြအဖြစ် ဆက်လက်တာဝန်ယူပေးဖို့ မေတ္တာရပ်ခံခဲ့တယ်လို့ဆိုပါတယ်။ ဂူဟစ်ဒင့်ဟာ လောလောဆယ်မှာတော့ နည်းပြတာဝန်ယူပေးဖို့ အတိအကျမပြောသေးဘဲ ရုရှားအသင်းကို ၂၀၁၀ ကမ္ဘာ့ဖလား ခြေစစ်ပွဲအောင်မြင်အောင် ကြိုးစားပေးလိုတယ်လို့ ပြောကြားနေပါတယ်။

အုပ်စုထိပ်ဆုံး

ဂူဟစ်ဒင့် ကိုင်တွယ်နေတဲ့ ရုရှားအသင်းဟာ ၂၀၁၀ ကမ္ဘာ့ဖလားခြေစစ်ပွဲရဲ့ ဥရောပဇုန် အုပ်စု(ဃ)မှာ ပါဝင်နေပြီး ဂျာမနီ၊ ဝေလ၊ ဖင်လန်၊ အဇာဘိုင်ဂျန်နဲ့ လက်ချင်စတိန်းနိုင်ငံအသင်းတွေနဲ့ တစ်အုပ်စုတည်း ကျနေပါတယ်။ လက်ရှိ ကမ္ဘာ့ဖလားခြေစစ်ပွဲတွေ ကစားပြီးချိန်မှာ ရပ်တည်နေတဲ့ ဂျာမနီအသင်းနဲ့ ဒုတိယနေရာမှာ ရပ်တည်နေပါတယ်။

ကစားရမည်

ရုရှားအသင်းဟာ ၂၀၁၀ပြည့်နှစ် ဇန်နဝါရီ ၁၀ရက်မှာ ဖင်လန်၊ စက်တင်ဘာ ၅ရက်မှာ လက်ချင်စတိန်း (အဝေးကွင်း)၊ စက်တင်ဘာ ၉ရက်မှာ ဝေလ၊ အောက်တိုဘာ ၁၀ရက်မှာ ဂျာမနီ၊ အောက်တိုဘာ ၁၄ရက်မှာ အဇာဘိုင်ဂျန် (အဝေးကွင်း) ပွဲတွေကစားဖို့ ရှိနေပါသေးတယ်။

ဒါကြောင့်ဂူဟစ်ဒင့်အနာဂတ် နည်းပြဘဝဟာ ရုရှားအသင်းအတွက်လား၊ ချယ်လ်ဆီးအသင်းအတွက်လားဆိုတာ စောင့်ကြည့်ရတော့မှာဖြစ်ပါကြောင်း။ ။

ချယ်လ်ဆီးနည်းပြ ဂူဟစ်ဒင့်

(အင်တာနက်)

မီယာမီမာစတာ တင်းနစ်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ၌ဖက်ဒဲယားနှင့်ဒီဂျိုကိုဗစ်တို့ဆုံတွေ့

မီယာမီ ဧပြီ ၃

အမေရိကန်နိုင်ငံ မီယာမီမြို့၌ ကျင်းပသော အေတီပီမာစတာ-၁၀၀၀ မြေမာကွင်း တင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့် (၂)ရှိ တင်းနစ်အကျော်အမော် ရော်ဂျာဖက်ဒဲယားသည် အမေရိကန်မှ အန်ဒီ ရော့ဒစ်ခ်ကို အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲတွင် နိုဗက်ခ်ဒီဂျိုကိုဗစ်နှင့် အကြိတ်အနယ် ယှဉ်ပြိုင်ကြရမည် ဖြစ်သည်။

အကြိုဗိုလ်လုပွဲတက်ရောက်

၂၀၀၉ ခုနှစ်အတွင်း ဆုဖလားရရှိရေး ကြိုးပမ်းနေသော ဆွစ်ဇာလန် တင်းနစ်သမားဖက်ဒဲယား **(အပေါ်ပုံ)**သည် ကွာတားဖိုင်နယ်တွင် ရော့ဒစ်ခ်အား ၆-၃၊ ၄-၆၊ ၆-၄ ဖြင့် အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။

(အင်တာနက်)

မီယာမီအေတီပီနှင့်ဒဗလျူတီအေ တင်းနစ်ပြိုင်ပွဲ ဆီရီနာနှင့်ဗီးနပ်စ်တို့ အကြိုဗိုလ်လုပွဲ၌ ဆုံတွေ့

မီယာမီ ဧပြီ ၃

အမေရိကန်နိုင်ငံရှိ မီယာမီ၌ ကျင်းပသော အေတီပီနှင့် ဒဗလျူတီအေ တင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၁)ရှိ အမေရိကန် တင်းနစ်မယ် ဆီရီနာဝီလျံ **(ယာပုံ)**သည် တရုတ်တင်းနစ်မယ်လီနာအား ခက်ခက်ခဲခဲ အနိုင်ယူကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့ပြီဖြစ်သည်။

ပြန်လည်စိုးမိုးနိုင်

ကွာတားဖိုင်နယ်၌ ဆီရီနာဝီလျံသည် ပထမပွဲငယ် ငါးခုတွင် ရှုံးနိမ့်ခဲ့သော်လည်း နောက်ပိုင်းတွင် ပွဲကိုပြန်လည်စိုးမိုးနိုင်ခဲ့ကာ ၄-၆၊ ၇-၆(၇-၁၂၊ (၆-၂)ဖြင့် အနိုင်ရရှိခဲ့သည်။ သူမသည် အကြိုဗိုလ်လုပွဲတွင် ချက်တင်းနစ်မယ် အီဗီတာဘီနီဆိုဗာအား ၆-၁၊ ၆-၄ဖြင့် အနိုင်ရရှိခဲ့သော အစ်မဖြစ်သူ ဗီးနပ်စ်ဝီလျံနှင့် ယှဉ်ပြိုင်ရမည် ဖြစ်သည်။

(အင်တာနက်)

(၆၄)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု ပေါက်ခေါင်းမြို့နယ်၌ ကျေးရွာစာကြည့်တိုက်များဖွင့်

ပေါက်ခေါင်း မတ် ၃၀

ကျေးလက်နေပြည်သူများ စာပေဗဟုသုတအသိပညာ မြင့်မားတိုးတက်စေရေးအတွက် ပဲခူးတိုင်း ပေါက်ခေါင်းမြို့နယ်တွင် ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ မတ် ၂၆ ရက်က ကျွဲပေါင်ပင်ကျေးရွာအုပ်စု ကျွဲပေါင်ပင်ကျေးရွာ အလင်းရောင် စာကြည့်တိုက်၊ ဝက်တိုးကျေးရွာအုပ်စု ဝက်တိုးကျေးရွာ လင်းရောင်ခြည်စာကြည့်တိုက်နှင့် ရပ်သစ်ကျေးရွာအုပ်စု စိုင်ဂေါင်းကျေးရွာ လင်းရောင်ခြည်စာကြည့်တိုက်ဖွင့်ပွဲများကို ကျင်းပသည်။

အခမ်းအနားတွင်ပေါက်ခေါင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်၊ ပြည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိနှင့် ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။**(အပေါ်ပုံ)** အဆိုပါ စာကြည့်တိုက်သုံးလုံး၏ စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၄၀၃၁၇၅၀ ဖြစ်သည်။

ပေးအပ်လှူဒါန်း

ယင်းစာကြည့်တိုက်များအတွက်ပေါက်ခေါင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပြည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ပညာရေးမှူးရုံး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့က စာအုပ်စာစောင်များနှင့် ရန်ပုံငွေများ ပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ် ထွေ/အုပ်)**

ကမာမိုကျေးရွာစာကြည့်တိုက်အတွက် ချောင်းဆုံမြို့နယ်၌ စာအုပ်များလှူဒါန်း

ချောင်းဆုံ မတ် ၂၈

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကမာမိုကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အတွက် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို မတ် ၁၆ရက်က ကမာမို (အလက-ခွဲ)ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာဥက္ကဋ္ဌ ဦးမင်းခင်စိုးက အမှာစကားပြောကြားပြီး ရန်ကုန်မှကာတွန်းပညာရှင် ဦးဝင်းအောင်က စာအုပ်နှင့် လူ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကာတွန်းပညာရှင်ဦးဝင်းနိုင်(အော်ပီကျယ်)က စာကြည့်တိုက်ခေါင်းစဉ်ဖြင့် ဟောပြောပြီး လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ ကာတွန်းပညာရှင်များနှင့်အတူ အလှူရှင် ၃၁ဦးက မဂ္ဂဇင်း၊ တိုက်ပိုင်စာအုပ် ၂၃၁၅အုပ်၊ စာအုပ်တန်ဖိုးငွေကျပ် ၂၂၆၂၆၀၀ဖိုး လှူဒါန်းကြရာ စာကြည့်တိုက်ကော်မတီဝင်များက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဦး၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးဌေးမော်၊ မီးသတ်တပ်ဖွဲ့ဝင်များ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအကျိုးတော်ဆောင်များ၊ ဈေးမိ ဈေးဖများနှင့်အတူ စလင်းမြို့မဈေးအတွင်း မီးဘေးအန္တရာယ်ကာကွယ်ရေး ဆွေးနွေးပြီး မီးသတ်ဆေးဘူးဖြင့် အရေးပေါ် မီးငြိမ်းသတ်မှုကို လက်တွေ့လေ့ကျင့်သရုပ်ပြစဉ်။ (မြို့နယ်စည်ပင်)

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဗိုလ်ချုပ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) (မြို့ပြ) ဦးသန့်ဇင်နှင့် အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ရာသို့ မတ် ၈ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးအောင်ကိုလတ်နှင့်တာဝန်ခံအင်ဂျင်နီယာအင်ဂျင်နီယာမှူး ဦးနိုင်လင်းမောင်တို့ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

တောင်တွင်းကြီး၌ ကျေးရွာအုပ်စုလုံးကျွတ် စာကြည့်တိုက် အဆောက်အအုံသစ်များဖွင့်

တောင်တွင်းကြီး မတ် ၂၈

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အုပ်စုလုံးကျွတ် ကျေးလက်စာကြည့်တိုက် အဆောက်အအုံသစ်များ ဖွင့်ပွဲအခမ်းအနားကို မတ်၁၈ရက်က တောင်တွင်းကြီးမြို့နယ် ပေါက်အုပ်စု၌ ကျင်းပသည်။

အခမ်းအနားတွင်ကျေးလက်စာကြည့်တိုက်ရှင်သန်ခိုင်မာရေး ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဦးအောင်ကျော်ငြိမ်းက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ စာရေးဆရာ အောင်သက်ဦး(တောင်တွင်း)က စာဖတ်ခြင်း၏ အကျိုးကျေးဇူး၊ စာရေးဆရာ ဘုန်းဝင်းခေါင်(မြန်မာမှု)က စာပေထဲက ဗဟုသုတ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးဇော်ဌေးအောင်က စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို ဆွေးနွေးဟောပြောကြသည်။

ထို့နောက် အလှူရှင်ဦးစိန်လင်း-ဒေါ်ခင်စန်းရီ(သီရိရတနာပုံနှိပ်တိုက်) မိသားစုက ငွေကျပ် ၁၃၅၀၀၀ခန့်တန်ဖိုးရှိ သုတ၊ ရသစာအုပ်မျိုးစုံ အုပ် ၂၇၀ **(အပေါ်ပုံ)**၊ ဦးကျော်စိုး(စာရေးဆရာမောင်ကျေးဇူး)က ငွေကျပ်၁၅၀၀၀ခန့်တန်ဖိုးရှိ မဂ္ဂဇင်းမျိုးစုံ အုပ်၃၀၊ ဦးဇော်ဝင်း-ဒေါ်မြင့်မြင့်မော် မိသားစုက ငွေကျပ်၁၄၀၀၀ခန့်တန်ဖိုးရှိ မဂ္ဂဇင်းစာအုပ်မျိုးစုံ ၂၈အုပ်တို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ပေါက်အုပ်စု ပေါက်ကျေးရွာ ဖြည့်ဆည်းရာစာကြည့်တိုက်၊ ငန်းကျကျေးရွာ တော်ဝင်ပန်းစာကြည့်တိုက်နှင့် တဲကြီးကုန်းကျေးရွာ ပညာရွှေအိုး စာကြည့်တိုက် အဆောက်အအုံသစ်များကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးဇော်ဌေးအောင်နှင့် အုပ်စုဥက္ကဋ္ဌဦးမောင်အုန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများကောင်းမွန်ရေးအတွက် အမှတ်(၁၁)ရပ်ကွက်နဝရတ်သီဂီလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအာကာမြတ်သူတို့ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းတာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်တိုးတိုးအောင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြကန်သာကျုံးပတ်လမ်းကတ္တရာလမ်းသစ် ရေး၌ဖွင့်

ရေး မတ် ၃၀

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရေးမြို့ ရန်ကြီးအောင်ရပ်ကွက် မြကန်သာကျုံးပတ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၅ရက် နံနက် ၈နာရီက မြကန်သာကျုံးထောင့်၌ ကျင်းပသည်။

ရှေးဦးစွာ ကတ္တရာလမ်းသစ်ဖြစ်မြောက်ရေးဆောင်ရွက်ပြီးစီးမှုနှင့် ပတ်သက်၍ တာဝန်ခံအင်ဂျင်နီယာ ဦးလှိုင်ဝင်းမောင်က ရှင်းလင်းတင်ပြသည်။

ထို့နောက်အမှုဆောင်အရာရှိဦးထွန်းရှိန်က လမ်းသစ်ဖွင့်ပွဲအထိမ်းအမှတ် အလံများပေးအပ်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူးသီဟ၊ အမှုဆောင်အရာရှိ ဦးထွန်းရှိန်၊ အလှူရှင်များကိုယ်စား အလှူရှင်ဦးဝင်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြောင်း သိရသည်။**(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)**

ယင်းမာပင်၌ စာဖတ်ဝိုင်းဖွဲ့ဆွေးနွေး

ယင်းမာပင် မတ် ၂၄

မုံရွာခရိုင်ယင်းမာပင်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာဖတ်ခန်း၌ ဖေဖော်ဝါရီ ၂၄ ရက်က ဝန်ထမ်းများ စာဖတ်ဝိုင်းကျင်းပရာ မြို့နယ်ဦးစီးမှူးဒေါ်စိုးစိုးဝင်းက စာဖတ်ဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဖေဖော်ဝါရီ ၂ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးရှင် ဦးပြေကျော်၏ အများစု၏ အသုံးအဖြတ်ကို အနည်းစုက လိုက်နာတာ ဒီမိုကရေစီကျင့်စဉ်ပါပဲ ဆောင်းပါးကို စာကြည့်တိုက်မှူးဒေါ်ခင်ဝင်းကြည်က လည်းကောင်း၊ ဖေဖော်ဝါရီ ၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးရှင် ဦးမျိုးမြင့်(ဥပဒေ)၏ ပကတိအရှိတရားကို ကျော်လွန်ဆန့်ကျင်မှုမှန်သမျှ မအောင်မြင်နိုင်ပါ ဆောင်းပါးကို ရုပ်သံကျွမ်းကျင်(၃) ဦးအောင်ဝင်းကလည်းကောင်း၊ ဖေဖော်ဝါရီ ၁၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးရှင် နှင်းဦးခင်၏ မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာအမျိုးသမီးများ၏ တာဝန် ဆောင်းပါးကို ရုံးအကူဒေါ်မြင့်မြင့်အေးက လည်းကောင်း၊ ဖေဖော်ဝါရီ ၁၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးရှင် ကျော်ရဲမင်း၏ အဆိပ်ပင်ကို ဆက်ပြီးရေမလောင်းသင့်ပါ ဆောင်းပါးကို အငယ်တန်းစာရေး ဦးဇော်မင်းထွန်းက လည်းကောင်း၊ ဖတ်ကြားရာ မြို့နယ်ဦးစီးမှူးဒေါ်စိုးစိုးဝင်းက ပြန်လည် သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ် သတင်းများ

(၇၉)ကြိမ်မြောက် သွေးလှူဒါန်း

ချောက် မတ် ၂၆

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက် ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်း ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး (ဂ)အဆင့် ချောက်မြို့မှ မန်နေဂျာ ဦးသန်းဝင်း(ဗိုလ်ကြီး-ငြိမ်း)**(အပေါ်ပုံ)**သည် မကွေးတိုင်း ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနခွဲတွင် မတ်၂၁ရက်က (၇၉)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(ကျန်းမာရေး)**

သာစည်မြို့နယ်စည်ပင် မြို့ရေပေးရေးအတွက် လုပ်ငန်းများဆောင်ရွက်

သာစည် မတ် ၂၀

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့ရေပေးရေး ထရန်စဖော်မာအိုးများ အစဉ်အမြဲကြံ့ခိုင်မှုရှိရေးနှင့် စက်သုံးဆီများ ပြတ်လပ်မှု မရှိစေရေးအတွက် စက်သုံးဆီများ ဖြည့်ဆည်းခြင်း၊ လိုအပ်သည်များ ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၁၄ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစိုးမိုးအောင်နှင့်အဖွဲ့ ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိဦးမောင်တိုး ကွင်းဆင်းကြပ်မတ်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

သမဝါယမဝန်ကြီးဌာန၊ ဗဟိုသမဝါယမအသင်းလီမိတက်မှ ကျင်းပသော

မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်

ပန်းပုရုပ်တုများ မြန်မာ့အနုပညာလက်ရာပစ္စည်းများ ခင်းကျင်းပြသရောင်းချခြင်းနှင့်ပန်းပုထုလုပ်ပြသမှုများကို မည်သူမဆို လာရောက်လေ့လာဝယ်ယူနိုင်ပါသည်။

ခင်းကျင်းပြသရောင်းချမည့် ပစ္စည်းများ

အနုပညာလက်ရာမြောက် အရွယ်စုံပန်းပုရုပ်ပေါင်းများစွာဖြင့် မြန်မာ့ပန်းပုလောကတွင် ယခင်ကကျင်းပခဲ့ဖူးခြင်းမရှိသော ပန်းပုအရောင်းပွဲတော်ကြီး

"၁၀-၄-၂၀၀၉ ရက် မှ စတင်ရောက်လာနိုင်ပြီး ... ရက်အထိ အခမဲ့ရောက်လာနိုင်ပြီပါမည်"

"ဆရာစံပလာဇာ"

ဆိုင်ခန်းနှင့်စားသောက်ဆိုင်များ စုံစမ်းရန် ဖုန်း - ၀၁-၅၅၀ ၅၃၆ / ၅၅၇ ၆၃၄ / ၅၅၇ ၆၃၀

MCC Since 1986

INTERNATIONAL DIPLOMA IN COMPUTER STUDIES (IDCS)

Scholarship Programme

INTERNATIONAL ADVANCED DIPLOMA IN COMPUTER STUDIES (IADCS)

IDCS NCC Education

Ko Aw

တောင်သာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မ(အရှေ့ဈေး)တွင် မတ် ၂၀ရက်က အဖွဲ့ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးအကျိုးတော်ဆောင်များ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးစိုးရွှေနှင့် မြို့နယ်အမှုဆောင်အရာရှိ ဦးလှဝင်းတို့ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

နွေရာသီအားလပ်ရက် သက်ကြီးစာဖတ်ဝိုင်းဖွင့်ပွဲ ရွှေတောင်၌ကျင်းပ

ရွှေတောင် မတ် ၃၀

နွေရာသီအားလပ်ရက် သက်ကြီးစာဖတ်ဝိုင်းဖွင့်ပွဲကို မတ်၂၆ ရက် နံနက်က ရွှေတောင်မြို့ နွားမယံအုပ်စု ဘယ်လက်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သိန်းပိုင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွယ်နွယ်လှိုင်က အလှူငွေကျပ်တစ်သောင်း၊ ပြည်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဆွေဆွေဦးက ငွေကျပ်တစ်သောင်းတန်ဖိုးရှိ စာရေးကိရိယာမျိုးစုံတို့ကို ပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဦးစိုးနိုင်က လက်ခံယူသည်။

ထို့နောက် တာဝန်ရှိသူများက သက်ကြီး စာဖတ်ဝိုင်းပြုလုပ်သည့်နေရာသို့ လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်

တောင်ငူ မတ် ၂၀

ပဲခူးတိုင်း မီးသတ်ဦးစီးဌာနမှူး ရဲသူရိန်လှမြင့်သည် တောင်ငူခရိုင်မီးသတ်ဦးစီးဌာနဦးစီးအရာရှိ ဦးအေးသန်း၊ ရေတာရှည်မြို့နယ် မီးသတ်စခန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဦးကြည်ထွန်း၊ တောင်ငူမြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဝင်းမြင့်တို့ လိုက်ပါလျက် မတ် ၁၁ရက်က ရေတာရှည်မြို့နယ် သကြားစက်အမှတ်(၆)နှင့် သစ်စက်အမှတ်(၆၉)(**အပေါ်ပုံ**)တို့အားလည်းကောင်း၊ မတ်၁၂ရက်က အုတ်တွင်းမြို့နယ် ဖောခိကုန်းသစ်စက် အမှတ်(၆၁)နှင့် ဥယျာဉ်တော်သစ်စက် အမှတ်(၈၈)တို့အားလည်းကောင်း၊ မတ် ၁၃ရက်က တောင်ငူမြို့ တော်ဝင်ကေတုမတီဟိုတယ်နှင့် ပန်းစွယ်တော်ဟိုတယ်တို့အားလည်းကောင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးအကြံပေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ (၀၅၂)

ပေါင်းတည်မြို့ ၇ လမ်းနေ ဦးဌေးလွင်-ဒေါ်အေးအေးမွန်(မိသားစု စိန်ရွှေရတနာဆိုင်)မိသားစုက ပေါင်းတည်ဘိုးဘွားရိပ်သာ စေတနာ(အခမဲ့)ဆေးကုခန်း ငွေပဒေသာပင်စိုက်ထူရန် ငွေကျပ် တစ်သိန်းငါးသောင်းလှူဒါန်းရာ ဆေးကုခန်း ဥက္ကဋ္ဌ ဦးမြင့်သိန်း၊ အတွင်းရေးမှူး ဦးလှဖေနှင့်အဖွဲ့ဝင်များ လက်ခံယူစဉ်။ (၀၆၁)

ကျောက်မဲမြို့ ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်း

ကျောက်မဲ မတ် ၂၅

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မတ်၁၂ရက် နံနက် ၇နာရီက ကျောက်မဲမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ချုံနွယ်ပိတ်ပေါင်းများကို ခရိုင်ဥက္ကဋ္ဌ ဦးခင်မောင်လေး၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီဝင်များနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များ စုပေါင်း၍ သန့်ရှင်းရေး ဆောင်ရွက်ကြသည်။

(မြို့နယ် ထွေ/အုပ်)

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူး ဦးအေးချို မြစ်ကြီးနားမြို့ ပြည်ထောင်စုလမ်း လမ်းမကြီးနှင့် ဆွမ်းပရာဘွမ်လမ်းမကြီးတစ်လျှောက် သန့်ရှင်းသပ်ရပ်သာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် ရာသီပန်းအလှပင်များ စိုက်ပျိုးထားမှု၊ လမ်းဝဲယာပုံဖော်ပန်းပင်များ ဆောင်ရွက်ထားမှုကို မတ် ၁ရက်ကစစ်ဆေးရာ မြစ်ကြီးနားမြို့ စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးခင်မောင်မြင့်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးမျိုးအေးလွင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာတို့၏ ပန်းပုအနုပညာဂုဏ်ဒြပ်ကို ထင်ဟပ်စေမည့် နာဂစ်လွန် မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်

စံပြမယ် ပန်းပုပြိုင်ပွဲတွင် ပထမဆုရ ဦးသန်းဇော်ထွန်း၏ ပန်းပုရုပ်တုက ဤသို့ အသက်ဝင်စွာ တွေ့ရသည်။ (မြန်မာ့အလင်း)

➢ သတင်းမြင်ကွင်း - မောင်မောင်မြင့်ဆွေ
➢ ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)
➢ စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဖြိုး (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၃

မြန်မာ့ပန်းပုအနုပညာ ထုတ်ကုန်ပစ္စည်းများ ပြည်တွင်းပြည်ပ ဈေးကွက်များတွင် ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်ဝင်ရောက်နိုင်ရေး၊ တန်ဖိုးနည်း သစ်သားများကို အနုပညာ ထပ်ပေါင်းတန်ဖိုး မြင့်မားလာရေးနှင့် လေ့ခွက်ချည်းကျန် အလံမလဲဟူသည့် မြန်မာတို့၏စိတ်ဓာတ်ကို ပြသနိုင်ရေး စသော ရည်ရွယ်ချက်များဖြင့် နာဂစ်လွန် မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်ဖွင့်ပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံပလာဇာ၌ ဧပြီ ၃ ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၄ ■

ပျူစောထီးရုပ်တုကြီးကလည်း အံ့သြဖွယ် လက်ရာမြောက်လှသည်။ (မြန်မာ့အလင်း)

ကားပျံများ ကောင်းကင်ယံ၌ တွေ့ရတော့မည်

ယာဉ်ကြောပိတ်ဆို့မှုကြောင့် အချိန်ကုန်ကာ ခရီးသွားလာမှု ကြန့်ကြာခြင်းကို ချေဖျက်သည့်အနေဖြင့် လေထဲတွင်ပျံသန်းသွားလာနိုင်သော မော်တော်ယာဉ်အမျိုးအစားသစ်ကို ထုတ်လုပ်မည်ဖြစ်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

စမ်းသပ်ပျံသန်း

လေးနှစ်ကြာသုတေသနပြု တီထွင်ခဲ့ရသော

စာမျက်နှာ ၃ ကော်လံ ၅ ●

ဘာသာပြန်သတင်းမှတ်စု
မိုးမြင့်လင်းလက်

ရေအားလျှပ်စစ်နှင့် ဆည်ရေထုတ်လွှတ်ပေးဝေလျက်ရှိသည့် စေတုတ္တရာမှ တိုင်းကျိုးပြည်ပြု မုန်းချောင်း ဘက်စုံရေလှောင်တမံကြီး

သတင်းမှတ်စု - နုနုရီနှင့် တင်မာဝင်း
ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း
စာမျက်နှာဖွဲ့စည်းမှု - တိုးလွင်(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၃

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံ ကဏ္ဍစုံက ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် စွမ်းအင်ကဏ္ဍသည် မရှိမဖြစ် အရေးပါလျက်ရှိသည်။ တိုင်းပြည်၏ စီးပွားရေး တိုးတက်လာမှုနှင့်အတူ ပြည်သူများ၏ လူမှုစီးပွားဘဝ ပြောင်းလဲတိုးတက်စေရေးအတွက် ရေအားလျှပ်စစ်စီမံကိန်းများကို တည်ဆောက်ပေးခြင်းဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် အကျိုးသက်ရောက်မှုများစွာ ရရှိခံစားနေကြရပြီဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၁ ✳